စုလှဖြူ ကြီးကြပ်သည်

# ပန်းလှဖြူ



## အရိုင်းများရဲ့ဥယျာဉ်

| | |
|---|---|
| မျက်နှာဖုံးပုံနှိပ် | ဦးကျော်စိန် ([illegible]) |
| | ကျောက်စိမ်းအော့ဖ်ဆက် |
| | အမှတ် (၁၇၁)၊ ၃၃ လမ်း၊ ရန်ကုန်မြို့ |
| အတွင်းပုံနှိပ် | ဒေါ်ခင်အေးမြင့်၊ ရာပြည့်အော့ဖ်ဆက် |
| | အမှတ် (၁၉၉)၊ လမ်း (၅၀)၊ ပုဇွန်တောင်၊ ရန်က |
| ထုတ်ဝေသူ | ဒေါ်မိုးကေခိုင်(၀၁၆၉၂)၊ (ချိုတေးသံစာပေ) |
| | ရွှေနံ့သာကျေးရွာ၊ပုလဲမြို့(၃)၊မင်္ဂလာဒုံမြို့နယ်၊ ရန် |
| စာမူခွင့်ပြုချက်အမှတ် | ၅၂၆/ ၂၀၀၄(၅) |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | ၅၆၁/ ၂၀၀၄(၆) |
| ပထမအကြိမ် | ဇူလိုင်လ ၂၀၀၄ |
| အုပ်ရေ | ၁၀၀၀ အုပ် |
| တန်ဖိုး | တစ်ရာကျပ် |



## ပန်းလှပြု ထွက်ရှိပြီး စာအုပ်များ

၁။စွဲလမ်းခြင်းရဲ့ဒိုင်ယာရီ
၂။ကောင်းကင်ရဲ့ချစ်သူ
၃။အိပ်မက်ဟောင်းလေးရှင်သန်လှည့်ပါ
ယခုလ...
၄။အရိပ်များရဲ့ဥယျာဉ်
နောက်လ...
၅။ကြယ်ကြွေအိပ်မက်

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

★ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
★ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
★ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
★ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

★ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည် ဆောက်ရေး
★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
★ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
★ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
★ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



# ပန်းလှုဖြူ

## အရိပ်များရဲ့ဥယျာဉ်

## (Garden of shadows)

ဘရဏီစာပေ

# *Garden of shadows*



*"I'm sure that the shadows of yours*
*will be alive in my garden forever"*

"ကိုယ့်ရဲ့ ဥယျာဉ်ကြီးထဲမှာ မင်းရဲ့ အရိပ်ကလေးတွေ
ထာဝရ ရှင်သန်နေလိမ့်ဦးမယ်ဆိုတာ အသေအချာပါပဲ"

ဘရဏီစာပေ



ဘရဏီစာပေ

# အခန်း(၁)

စက်စဲကမ်းခြေကျောက်ဆောင်စွန်း တစ်နေရာတွင် သူတစ်ယောက်တည်း ထိုင်နေမိသည်။

သူသည် အရပ်အတော်မြင့်မားပြီး ခန္ဓာကိုယ်က ကျစ်လစ်ခိုင်မာတောင့်တင်းသည်။

သူ့မျက်နှာမှာ ခပ်သွယ်သွယ်ဖြစ်ပြီး မျက်ခုံးထူထူ နက်နက်နှစ်တန်းက ဆက်လုမတတ်ထိနေ၏။နှာတံချွန်ချွန်

မြင့်မြင့်၊ နှုတ်ခမ်းက ပြည့်တင်းပြီး၊ အထူးခြားဆုံးမှာ စူးရှ နက်မှောင်လှသည့် သူ့မျက်ဝန်းတစ်စုံပင်ဖြစ်သည်။ထိုမျက်ဝန်း အကြည့်ကြောင့် မိန်းမအတော်များများ အရူးအမူးစွဲလမ်း စေခဲ့၏။

သို့သော် ထိုမျက်ဝန်းများ ဆွေးမြေ့ရီဝေနေခဲ့သည် မှာကြာခဲ့ပေပြီ။ သူ့ထံတွင် အပြုံးဆိုသောအရာ ကွယ်ပျောက် သွားခဲ့သည်မှာလည်း နှစ်အတော်ကြာခဲ့ပြီဖြစ်သည်။

သူသည် အနက်ရောင်ဘောင်းဘီရှည်နှင့် အဖြူ ရောင်တီရှပ်၊ မိုးပြာရောင် ကုတ်အင်္ကျီတို့ကို တွဲဖက်ဝတ်ဆင် ထား၏။

ကျောက်ဆောင်စွန်း တစ်နေရာတွင် ထိုင်ပြီး သူတစ် ယောက်တည်း ငေးမောတွေးတောနေမိခြင်းပါ။

စက်စဲကမ်းခြေသည် နံနက်ခင်း နေရောင်ခြည် အောက်တွင်လှပနေပြီး ပင်လယ်လှိုင်းလုံးကြီးများက တဖျတ်ဖျတ်ရိုက်ခတ်နေကြသည်။လှိုင်းများရိုက်ခတ်နေသံ သည် သူ့ရင်ကိုပို၍ အေးစက်ခြောက်ကပ်စေလေသည်။

ထိုစဉ်...လှိုင်းလုံးကြီးများကြားတွင် အဖြူရောင်

ဘောကွင်းကြီးတစ်ခု မျောပါလာတာကို တွေ့ရပြီး ထိုဘောကွင်းနောက်မှကလေးတစ်အုပ်ပြေးလိုက်သွားကြ၏။ သူတို့လိုက်လေ... ဘောကွင်းက သူတို့နှင့်ဝေးလေ...

ဘောကွင်းသည် ကလေးများနှင့် ဆန့်ကျင်ရာဘက်သို့ တဖြည်းဖြည်းမျောပါနေသည်။

သူကျောက်ဆောင်ပေါ်မှ ခုန်ဆင်းလိုက်ပြီး လှိုင်းလုံးကြီးများကြား ဖြည်းဖြည်းချင်း လျှောက်လာခဲ့သည်။ ပြီးတော့ ရေထဲမှ ဘောကွင်းကို လှမ်းယူလိုက်သည်။ ထို့နောက် ကလေးများရှိရာ လျှောက်လာခဲ့ပြီး ဘောကွင်းကို ပစ်ပေးလိုက်၏။

"သင့်ကယူး အန်ကယ်လ်"

"အာရိဂသိုး"

"ရှဲရှဲ"

"ခိုမားပို"

ကျေးဇူးတင်ကြောင်းကို အင်္ဂလိပ်၊ဂျပန်၊တရုတ်၊ ကိုရီးယားလို အမျိုးမျိုးပြောပြီး ကလေးတွေ ပြေးထွက်သွားကြသည်။

ဘရဏီစာပေ

သူ့ဘောင်းဘီမှာ ရေတွေရွှဲရွှဲစိုသွားသောကြောင့် ဘောင်း ဘီအောက်နားမှ ရေများကို အသာညှစ်ချလိုက်ပြီး ကျောက်ဆောင် ရှိရာပြန်လျှောက်လာခဲ့၏။

ထိုစဉ် သဲထဲနစ်နေသည့် အရာဝတ္ထုတစ်ခုကို သူ့ ခြေတစ်ဖက်ဖြင့် နင်းမိသွားသည်။ သူငုံ့ကြည့်လိုက်တော့ ဒေါက်ချွန်ချွန်နှင့် ဒေါက်မြင့်ဖိနပ်လေးတစ်ဖက်ကို တွေ့ရလေသည်။

ဖိနပ်က တစ်ပိုင်းသာပေါ်နေပြီး တစ်ပိုင်းမှာ သဲထဲနစ်နေသည်။ရွှေရောင်တောက်ပနေသည့် ဖိနပ်လေးမို့ သူ့ရင်ထဲ လှုပ်ရှားသွားမိပြီး ဖိနပ်ကို သဲထဲမှ ဆွဲထုတ်လိုက်၏။

ဖိနပ်ကိုကြည့်ပြီး သူအံ့ဩလွန်းသဖြင့် သူ့မျက်လုံး များပြူးကျယ်သွားလေသည်။ ရွှေရောင်ဒေါက်မြင့်ဖိနပ်လေး သည် ဆန်းကျယ်လှပလွန်း၍ သူမမေ့နိုင်ပါ။

ခြေဖမိုးအုပ်ထားသည့် ပိုးသားပေါ်တွင် ကျောက် ရောင်စုံတောက်တောက်တွေ အပြည့်ကပ်ထားသောကြောင့် တဖိတ်ဖိတ် တောက်ပနေသည်။

ဟင်... ဒါ ငါ့သေတ္တာထဲက ဖိနပ်လေးပါလား...

ဘယ်သူခိုးလာလို့ ဒီသဲတွေကြားရောက်နေပါလိမ့်...

ရေစပ်သောင်ခုံပေါ်တွင် ထိုဖိနပ်လေးကို တွေ့လိုက်ရသောကြောင့် သူ့ရင်ထဲတုန်လှုပ်ချောက်ချားသွားမိ၏။ ဤမျှလှပသည့် ဖိနပ်မျိုး သူ့တစ်သက်တွင် တစ်ခါသာ မြင်ဖူးခဲ့ခြင်းပါ။

သူ့ရင်ထဲ မတည်မငြိမ်ဖြင့် ဖိနပ်တစ်ဖက်ကို လက်မှ ကိုင်လျက် သူတည်းခိုသည့် ဘန်ဂလိုဘက်သို့ ပြန်လျှောက်လာခဲ့သည်။သူတည်းခိုသည့် ဘန်ဂလိုက ကမ်းခြေအစွန် ဘက်တွင် ရှိသည်။

ကမ်းခြေအလယ်ပိုင်းတွင် ဘန်ဂလိုတွေစီတန်းနေပြီး လူအသွားအလာ ရှုပ်ထွေးများပြားသောကြောင့်... လူအသွားအလာကျဲသည့် ကမ်းခြေအစွန်အဖျားတွင် သူတည်းခိုခဲ့ခြင်းပါ။

ဘန်ဂလိုရှိရာသို့ရောက်တော့ တက်လာခဲ့ပြီး ဖိနပ်လေးကို ခုတင်ဘေးရှိ ခုံလေးတစ်လုံးပေါ်တင်ထားလိုက်၏။ ပြီးတော့ သေတ္တာကို ကမန်းကတမ်းဖွင့်ကြည့်ရင်း သူ့ရင်သည် လှုပ်ရှား လျက်ရှိနေသည်။

သေတ္တာထဲတွင် ရွှေရောင်ဒေါက်မြင့် ဖိနပ်လေး တစ်ဖက်ကလက်ရာမပျက်ရှိနေသည်မို့ သူအံ့ဩသွားမိ၏။ ထိုဖိနပ်ကို ထုတ်ယူလိုက်ပြီး သောင်ခုံစပ်မှကောက်ရခဲ့သည့် ဖိနပ်နှင့် ယှဉ်ကြည့် လိုက်သည်။

တစ်ဖက်တည်းကွဲနေသည့် သူ့ဖိနပ်လေးနှင့် ကောက် ရခဲ့သည့် ဖိနပ်လေးပေါင်းလိုက်လျှင် ဖိနပ်တစ်ရံ ဖြစ်သွား တာကို ထူးဆန်းအံ့ဩဖွယ်ကောင်းစွာပင် မြင်တွေ့ရလေသည်။ ဖိနပ်တွေကို ကြည့်ပြီး သူနားမလည်နိုင်။

သူ့ရင်ထဲ ရှုပ်ထွေးမောပန်းသွားသလို ဘန်ဂလို ရှေ့ရှိပက်လက်ကုလားထိုင်တစ်လုံးတွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်ကာပင်လယ်ဘက်သို့ အဓိပ္ပါယ်မဲ့ငေးနေမိ၏။

ဘယ်လောက်ကြာကြာ ငေးနေမိမှန်းမသိပါ။

သူရှိရာသို့ ပန်းနုရောင်ဂါဝန်ရှည်နှင့် မိန်းကလေးတစ် ယောက် တရွေ့ရွေ့လျှောက်လာနေ၏။သူမမျက်နှာလေးမှာ နုနယ်ချောမောလွန်းနေပြီး အပြစ်တစ်စုံတရာ ဆိုဖွယ်မရှိ လောက်အောင်လှပလေသည်။

သူ့ထံသို့ သူမရောက်လာနီးဖြင့် သူ လှမ်းမျှော်


ကြည့်နေသော်လည်း တစ်စုံတရာက သူမခြေလှမ်းတွေကို ရက်စက်စွာရပ်တန့်ပစ်လိုက်လျှင်... သူ့နှလုံးသားသည် ပြင်းထန်စွာနာကျင်ကွဲရှသွားတော့၏။

သူသည် နှုတ်မှ သူမနာမည်ကို ရေရွတ်လျက် ထိုင်နေရာမှ ဝုန်းခနဲထရပ် လိုက်သည်။သို့သော် ...

သူ့တစ်ကိုယ်လုံး မောဟိုက်နုံးချိသွားပြီး အိပ်မက်မှ လန့်နိုးသွားသည်။ထိုအိပ်မက်သည် သူ့ဘဝကို အမြဲလို လွှမ်းမိုးခြောက်လှန့်နေခဲ့သည်မှာ ငါးနှစ်ကျော်ခန့်ရှိခဲ့ပြီ။

မကြာခဏ ပြန်လည်မက်တတ်သော ထိုအိပ်မက်ကို သူအလွန်မုန်းတီးမိသော်လည်း... ထိုအဖြစ်အပျက်များသည် သူ့ဘဝ တွင် အမှန်တကယ်ဖြစ်ပျက်ခဲ့ကာ သူ့နှလုံးသားအား မျှော်လင့် ချက်များ ဆုံးရှုံးကွယ်ပျောက်စေခဲ့လေသည်။

♥♥♥♥♥♥



## အခန်း (၂)

သူသည် ကမ်းစပ်သောင်ခုံရှိရာသို့တစ်ယောက် တည်းလျှောက်လာရင်း...ရွှေရောင်ဖိနပ်လေးတစ်ဖက်ကောက်ရခဲ့ သည့် နေရာသို့ ရောက်လာခဲ့သည်။ထိုနေရာတွင်ရပ်လျက် ပင်လယ် ဘက်သို့ သူငေးကြည့်နေမိစဉ်... ဂီတသံသဲ့သဲ့ကို ကြားလိုက်ရ၏။

ထိုဂီတသံသည် Westlife အဖွဲ့၏ "If I let you go"သီချင်းတေးသွား အလိုက်ကို မှုတ်နေခြင်းဖြစ်သည်။

ထိုဘာဂျာသံကြောင့် သူနောက်သို့ လှည့်ကြည့်လိုက်ရာ အပြာရောင်ဘောင်းဘီ၊တီရှပ် အနီရောင်နှင့် အသားညိုညို အရပ်မြင့်မြင့် ကောင်လေးတစ်ယောက် ဘာဂျာမှုတ်ရင်း လျှောက်လာနေသည်ကို တွေ့လိုက်ရ၏။

ထိုကောင်လေးနောက်မှ ခပ်ချောချော မိန်းကလေး သုံးဦးလျှောက်လာကြသည်။ အလယ်မှမိန်းကလေးက...

"ဒီနေရာပဲ... ဒီနေရာပဲ" ဟု သူငယ်ချင်းများအား အော်ပြောလိုက်လျှင် သူအံ့အားသင့်သွားမိပြီး သူမကို စူးစိုက်ကြည့်လိုက်မိသည်။

သူမက မိုးပြာရောင်ဂါဝန်ရှည်ကို ဝတ်ဆင်ထားပြီး ကျောလယ်ကျော်ကျော်ထိ နက်မှောင်ရှည်လျားသော ဆံနွယ်လေးများကိုဖြန့်ချထားသည်။သူမမျက်နှာလေးမှာ တစ်ခါမြင်ဖူးရုံနှင့်စွဲလမ်းသွား နိုင်လောက်အောင်ပင် လှပလွန်းသည်။

ထိုအနီးအနား တစ်ဝိုက်တွင် သူမတို့သူငယ်ချင်းတစ်စု တစ်စုံတရာကို သည်းသည်းမည်းမည်း ရှာဖွေနေကြသည်။ အလယ်မှမိန်းကလေးကို ငေးကြည့်နေမိရင်း သူစဉ်းစားနေမိ၏။

သူ့ကိုငါမြင်ဖူးတယ်... ဘယ်နေရာမှာ မြင်ဖူးတာပါ

လိမ့်...သူစဉ်းစား၍မရ။

သူမတို့က လှည့်ပတ်ရှာဖွေနေဆဲပင်။ ရွှေရောင်ဖိနပ်လေးတစ်ဖက်ကို ရှာဖွေနေတာများလား...

"ညက ရေတက်ချိန် ဒီနေရာလေးမှာပေါ့... လမ်းလျှောက်ခဲ့ကြတာ၊ ငါ့ဖိနပ်လေး သဲထဲမှာနစ်ပြီး ကျန်ရစ်ခဲ့တယ်၊ ရေတွေ အောက်မှာဆိုတော့ ဘယ်လိုမှ ပြန်ရှာလို့မရတော့ဘူး"

"အခု ရေကျချိန်ရောက်နေပြီပဲ၊ ဖိနပ်ကို ပြန်တွေ့ဖို့ကောင်းပါတယ်ဟယ်၊ ဒါပေမယ့် ဘယ်လိုမှရှာလို့ မတွေ့တော့ဘူး"

"သဲထဲနစ်သွားတာဆိုတော့ သဲတွေဖယ်ကြည့်ရင်တွေ့နိုင်တယ်၊သဲတွေ လက်နဲ့ယက်ပြီး ရှာကြရအောင်"

သူမ သူငယ်ချင်း ကောင်မလေးတစ်ယောက်က အကြံပြုလိုက်ပြီးနောက် သောင်ခုံပေါ်ရှိ သဲများကို လက်နှင့်ယက်၍ သူ ဖွေနေကြ၏။

သူမတို့အုပ်စုကို သူခပ်လှမ်းလှမ်းမှ ငေးကြည့်နေမိပေမယ့် ဘာမှမပြောဖြစ်ပေ။သူ့ကိုလည်း သူမတို့က သတိထားမိကြပုံမပေါ်။သူမတို့တော်တော်ကြာကြာ ရှာနေကြသော်လည်း

ဖိနပ်ကို မတွေ့ကြပေ။

"နင့်ဖိနပ်က ကျရေနဲ့အတူ ပင်လယ်ထဲ မျောပါသွားပြီထင်ပါရဲ့၊ မတွေ့တော့ပါဘူးဟ"ဟု တစ်ယောက်က ပြောသည်။

"ရှာမနေပါနဲ့တော့ဟာ၊ စိတ်ပျက်ပါတယ်"

"အဲဒီ ဖိနပ်လေးကို ငါအရမ်းကြိုက်တာဟ" ဟု သူမကပြော၏။

"ကြိုက်လဲ ရှိမှမရှိတော့တာ၊ ဘယ့်နဲ့လုပ်မလဲ"

"ဒီလိုပျောက်မယ်မှန်းသိရင် ဒီကိုငါ ယူမလာခဲ့ပါဘူးဟယ်၊ စိတ်မကောင်းလိုက်တာ၊ငါက အဲဒီဖိနပ်လေးကို အရမ်းမြတ်နိုးတာ"ဟု သူမက နှမြောဝမ်းနည်းနေသည့် အသံဖြင့် ပြောနေလေသည်။

"ရန်ကုန်မှာ ဖိနပ်ဆိုင်တွေအများကြီးပါ တိမ်းရာ၊ အဲဒီဖိနပ်ပုံစံမျိုးပြန်ရှာကြည့်ပေါ့" ဟု သူတို့ထဲမှ တစ်ဦး တည်းသောကောင်လေးက ပြောလိုက်သည်။

"အဲဒီပုံစံမျိုး ပြန်ရဖို့မလွယ်ပါဘူး"ဟု စိတ်ပျက်လက်ပျက် ပြောနေသည့် သူမပုံစံလေးကို ငေးကြည့်ရင်း သူကရဏာ

ဖြစ်နေမိသည်။

"ကဲ လာ ပြန်ကြစို့၊ခုလောက်ဆို ငါတို့ဟို့(စ်)တွေ မျှော်နေလောက်ပြီ"

"ဟုတ်တယ်၊ ငါလဲ ဗိုက်ဆာနေပြီ" ဟု တစ်ယောက် တစ်ပေါက်ပြောကာ သူမလက်ကိုဆွဲ၍ ကောင်မလေး နှစ်ယောက်က ခေါ်သွားတော့၏။

သူမသူငယ်ချင်းများကြောင့် ပြန်လိုက်သွားရသော် လည်း လမ်းတစ်လျှောက်လုံး ဟိုကြည့်ဒီကြည့်နှင့် သူမဖိနပ်ကို ရှာနေပုံလေး က သူ့မျက်ဝန်းထဲစွဲကျန်ရစ်ခဲ့၏။

ထိုနေရာတွင် သူတစ်ယောက်တည်း ကျန်ရစ်ခဲ့လေ သည်။မှောင်စပြုနေပြီဖြစ်သော ကမ်းခြေ၏အလှကို ငေးမော နေမိရင်း ပင်လယ်လေကို သူတဝကြီး ရှူရှိုက်လိုက်သည်။

ပြီးတော့ ဘန်ဂလိုရှိရာသို့ မပြန်ဖြစ်ဘဲ ကမ်းခြေတွင် လမ်းလျှောက်ရင်း သူတွေးနေမိသည်။

ရွှေရောင်ဖိနပ်လေးတစ်ဖက်ကို သူမတော်တော် မြတ်နိုးတာပဲ၊လှည့်ပတ်ရှာနေလိုက်တာ... ဖိနပ်လေးတစ် ဖက်ကို ငါကောက်ရထားတဲ့အကြောင်း ငါဘာလို့ ပြောမပြခဲ့မိ

တာပါလိမ့်...

မိုးပြာရောင်ဂါဝန်လေး တလွင့်လွင့်နှင့် ရွှေရောင်ဖိနပ်လေး တစ်ဖက်ကို ချာချာလည်အောင်ရှာနေသော သူမပုံစံလေးကို သူမြင်ယောင်နေမိသည်။

ခုနက ပြောမပြဖြစ်ခဲ့ဘဲ အခုမှပြန်ပေးချင်နေသောကြောင့်သူဘာလုပ်ရမှန်းမသိ ဖြစ်နေလေသည်။ သူမတို့ ဘယ်ဘန်ဂလိုမှာ တည်းခိုကြမှန်းလဲ သူ မသိသဖြင့် အခက်တွေ့နေမိသည်။သူမတို့ကို ပြန်လည်တွေ့ရန်းဖြင့် ရှာနေမိသော်လည်း မတွေ့ရသောကြောင့် ဘန်ဂလိုရှိရာ သူပြန်လာခဲ့သည်။

ထိုနေ့ညနေစာ စားပြီးချိန်တွင် သူ့ခြေလှမ်းတွေက ဖိနပ်လေးကောက်ရခဲ့သည့်နေရာသို့ အလိုလို လျှောက်မှန်းမသိ လျှောက်လာခဲ့မိသည်။ ထိုစဉ် ဘန်ဂလိုတစ်ခုရှေ့ အရောက်... ဘာဂျာသံ တစ်သံကြားလိုက်ရသည်မို့ အုန်းပင်တစ်ပင်၏ အရိပ်အောက်တွင် ရပ်ပြီးသူလှမ်းကြည့်လိုက်သည်။

ဘန်ဂလိုတစ်ခုရှေ့တွင် ထိုင်ကာ ဘာဂျာမှုတ်နေသော ညနေကကောင်လေးကို တွေ့လိုက်ရလေသည်။ သူ

ဝမ်းသာ ပျော်ရွှင် သွားမိပြီး ထိုင်နေကြသည့် သူတို့အုပ်စုထဲ တွင် သူမကိုမျက်လုံးဝေ့ပြီး ရှာလိုက်မိသည်။

သို့သော် ထိုင်နေကြသော သူတို့အုပ်စု ခုနစ်ယောက် တွင် သူမမပါပေ။ သူမဘယ်ရောက်နေပါလိမ့်... တစ်နေရာ ရာကို ထွက်သွားတာများလား... ထိုနေရာသည် ညနေက သူမဖိနပ် သွားရှာခဲ့သည့် သောင်ခုံတစ်နေရာပင် ဖြစ်လိမ့်မည် ထင်သည်။

အတွေးနှင့်အတူ ထိုနေရာသို့ ခြေလှမ်းကျဲဖြင့် သူ လျှောက်လာခဲ့မိသည်။

♥♥♥♥♥♥



ဘရဏီစာပေ

# အခန်း (၃)

သူမတစ်ယောက်တည်း ပျောက်ဆုံးသွားသည့် သူမ၏ရွှေရောင်ဖိနပ်လေးကို သဲပြင်ပေါ်တွင် ဟိုကြည့်ဒီကြည့်ဖြင့် ရှာဖွေနေစဉ် ... သူမအနီးတွင် ရပ်လိုက်သောလူတစ်ယောက်ကြောင့် အံ့ဩထိတ်လန့်သွားမိ၏။

"ဘာရှာနေတာလဲ မိန်းကလေး"

အေးဆေးတည်ငြိမ်သော သူ့အသံကို ကြားလိုက်ရ၏။

"ကျွန်မဖိနပ်လေးကို ရှာနေတာပါ၊ ဖိနပ်က ဒီနားမှာ ပျောက်သွားတာ"

"သဲထဲနစ်ပြီး ကျန်ရစ်ခဲ့တာလား"

"ဟုတ်တယ်၊မနေ့ညက ရေတက်ချိန်မှာ သောင်ခုံ ရေစပ်မှာလမ်းလျှောက်တော့ ဖိနပ်ကိုမချွတ်ခဲ့မိဘူး၊ရေတွေ ရုတ်တရက် တက်လာတာနဲ့ ထွက်ပြေးကြရင်း သဲထဲနစ်ပြီး ကျန်ရစ်ခဲ့တာလေ၊ ကျွန်မဖိနပ်က ဒေါက်မြင့်ဖိနပ် သေးသေး လေးဆိုတော့ သဲထဲနစ် သွားပြီး ကျန်ရစ်ခဲ့တာပဲ၊ ကမ်းပေါ် ရောက်မှ ဖိနပ်လေးကို နှမြောပြီး လာပြန်ရှာတော့ လုံးဝမတွေ့ တော့ဘူး"

သူမက သဲပြင်ပေါ်တွင် ဆောင့်ကြောင့်ထိုင်နေရင်းမှ စိတ်မကောင်းစွာ ပြောလိုက်သည်။ သူ့မျက်နှာကို မော့မကြည့်မိ။

"မင်းရဲ့ ဖိနပ်လေးတစ်ဖက် ကိုယ်ကောက်ရထား တယ်"ဟုသူက ပြောလိုက်လျှင်.... သူမရင်ထဲ အတိုင်းမသိ လောက်အောင် အံ့ညပျော်ရွှင်မှုတွေ ဖုံးလွှမ်းသွားပြီး ထရပ် လိုက်ကာ...

ဘာရဏီစာပေ

"ဟင်... ဟုတ်လား၊ရှင်တကယ်ပဲ ကောက်ရထား
တယ် ပေါ့"

သူမကပြောရင်း သူ့မျက်နှာဆီသို့ တစ်ချက်လှမ်း
ကြည့် လိုက်မိလျှင်... သူမရင်သည် တဖျုတ်ဖျုတ် တုန်ယင်
လှုပ်ရှားသွားကာ ရုတ်တရက် ဘာဖြစ်သွားသည်မသိ။
အလွန်တရာလှပနက်နဲသော ခံစားမှုအသစ်အဆန်းလေးတစ်ခု
သူမနှလုံးသားထဲ နိုဝင်ရောက်ရှိသွားတာကို သိလိုက်ရ၏။

နက်မှောင်စူးရှလွန်းသော သူ့မျက်ဝန်းများသည်
သူမ၏ စိတ်အာရုံတစ်ခုလုံးကို ဆွဲခါလှုပ်ရမ်းလိုက်သလို
ပြင်းပြစွာ တုန်ယင်လှုပ်ရှားသွားလေသည်။ မျက်လွှာကို
ဖျတ်ခနဲချလိုက်မိပြီး စိတ်ကို တည်ငြိမ်အောင် အတော်ပင်
ကြိုးစားလိုက်ရသည်။

"ကိုယ်တကယ် ကောက်ရထားတာပါ"

လေးနက်တည်ငြိမ်သော သူ့အသံကြောင့် ရင်ထဲပို၍
လှုပ်ရှားနေမိသည်။ သူ့ကို မော့မကြည့်ရဲတော့။

"အဲဒီ... အဲဒီဖိနပ်လေးကို ကျွန်မပြန်လိုချင်လိုက်
တာ"ဟုသူ့မျက်နှာကို မကြည့်ဘဲ ပြောလိုက်သည်။

"ကိုယ်လဲပြန်ပေးချင်လို့ ပိုင်ရှင်ကိုလိုက်ရှာနေတာပါပဲ"

သူကပြောလျှင် သူမဝမ်းသာပျော်ရွှင်သွားပြီး...

"ဝမ်းသာလိုက်တာ၊ ကျွန်မဖြင့် ဖိနပ်လေး ပျောက်သွားလို့ရှုးချင်နေတာ"

"ဒါပေမယ့် ကိုယ်ကောက်ရထားတာက ဖိနပ်တစ်ရုံလုံးမဟုတ်ဘူးနော်၊တစ်ဖက်တည်း"

"အို... ဘာပဲဖြစ်ဖြစ် ကျွန်မသိပ်ကြိုက်တဲ့ ဖိနပ်လေးကိုတစ်ဖက်တည်းပဲရရ ပြန်လိုချင်ပါတယ်" ဟု ပြောလျှင် သူကပြုံးလိုက်ပြီး...

"မနက်ဖြန်မနက် ဒီနေရာလေးမှာ မင်းစောင့်နေလေ၊ ကိုယ်လာပို့ပေးမယ်"ဟု သူကပြောသည်။

"ကျွန်မမစောင့်နိုင်တော့ဘူး၊အခုပဲ ဖိနပ်လေးကိုလိုက်ယူပါရစေ"

"မိုးချုပ်နေပြီ မိန်းကလေးရဲ့၊ကိုယ့်နောက်ကို မင်းလိုက်ခဲ့ဖို့ သင့်တော်ပါ့မလား"ဟု သူကမေးလျှင် သူမက သူ့မျက်နှာကို လှမ်းကြည့်လိုက်ပြီး...

ဘရဏီစာပေ

"အို… ဖိနပ်ယူဖို့လိုက်ခဲ့မှာပဲ၊ဘာဖြစ်တာမှတ်လို့၊ ရှင့်ကိုကျွန်မယုံတယ်"ဟု ပြောလိုက်သည်။

"ဒါဖြင့်လဲ မင်းသဘောပဲလေ"ဟုပြောပြီး သူကရှေ့မှ ထွက်သွားတော့ သူမလည်းသူ့နောက်မှ လိုက်လာခဲ့သည်။

ဘန်ဂလိုရှိရာရောက်တော့ သူမက ဘန်ဂလိုရှေ့ ဝရံတာတွင် ရပ်စောင့်နေပြီး သူကအထဲဝင်၍ ဖိနပ်တစ်ဖက်နှင့် ကျန်တစ်ဖက်ကို ယူဆောင်လာခဲ့သည်။

"ကဲ… ဒီဖိနပ်တစ်ဖက်ရဲ့ပိုင်ရှင်အစစ်ဟာ မင်းဟုတ် မဟုတ် ကိုယ်စမ်းသပ်ရဦးမယ်"

"ဟင်… ရှင်က ဘာတွေစမ်းသပ်ဦးမလို့လဲ၊ ကျွန်မ ဖိနပ်လေးတစ်ရံ တကယ်ပျောက်သွားခဲ့တာပါ"

"ကဲ… ဒီမှာကြည့်၊မင်းဖိနပ်က ဘယ်ဟာလဲလို့"ဟု ဆိုကာသူက သူ့ထံတွင်ရှိသော ရွှေရောင်ဖိနပ်လေးနှင့် သူကောက်ရခဲ့သော သူမဖိနပ်လေးကို ကုလားထိုင်တစ်လုံး ပေါ်တွင်တင်ပြီး ပြလိုက်သည်။

"ဟင်… ဒါ ကျွန်မရဲ့ဖိနပ်လေးပဲ"

"မင်းရဲ့ဖိနပ်က တစ်ဖက်တည်းပါ၊ကျန်တစ်ဖက်က

ကိုယ်ပိုင်တဲ့ဟာ"

သူ့စကားကြောင့် သူမ အံ့ဩမယုံနိုင်သလို မကျေမနပ်မျက်နှာလေးဖြင့်...

"အို... ရှင်ကလဲ၊ကျွန်မဖိနပ်ကို ပြန်ပေးမယ်ဆိုပြီး ဘယ့်နဲ့ တစ်ဖက်က ရှင့်ဟာလို့ပြောနေရတာလဲ"

"အစောကြီးကတည်းက ကိုယ်ပြောပြီးသားပဲလေ၊ ကိုယ် ကောက်ရထားတဲ့ ဖိနပ်က တစ်ရံမဟုတ်ဘူး၊ တစ်ဖက်တည်းပါလို့၊မင်းဖိနပ်ကို မင်းရွေးနိုင်ရင် ယူသွားလို့ရပြီ"

ရွှေရောင်ဖိနပ်လေး နှစ်ဖက်ကို ကြည့်ပြီး သူမ ဦးနှောက်ခြောက်နေမိ၏။

"ကျွန်မမရွေးတတ်တော့ဘူး"

"မင်းမရွေးတတ်ရင် ကိုယ်ပဲ ရွေးပေးလိုက်တော့မယ်၊ မင်းဖိနပ်က သဲတွေရေတွေပေထားတယ်၊ ကိုယ့်ဖိနပ်လေးက အသစ်အတိုင်းပဲ ရှိသေးတယ်လေ"

သူပြောမှပင် သူမဖိနပ်လေးတွေကို သေချာကြည့်လိုက်မိ၏။ အို... ဟုတ်ပါရဲ့၊ သူမဖိနပ်လေးတစ်ဖက်က သဲတွေပေနေပြီး ကျန်တစ်ဖက်က သစ်လွင်လှပနေဆဲ။

"ဟုတ်ပါရဲ့၊သဲထဲနစ်ပြီး ကျန်ရစ်ခဲ့တဲ့ ကျွန်မဖိနပ်လေးက ဒီဟာလေးပါ"ဟု ဖိနပ်ကို လှမ်းယူပြီး သူမပြောလိုက်၏။

"ကျွန်မဖိနပ်လေးတစ်ဖက် ပြန်ရတဲ့အတွက် ရှင့်ကို သိပ်ပြီးကျေးဇူးတင်ပါတယ်"

ကုလားထိုင်ပေါ်မှ သူမဖိနပ်နှင့်ပုံစံချင်း size ချင်း တူညီလွန်းနေသည့် ဖိနပ်လေးတစ်ဖက်ကို လှမ်းကြည့်လိုက်မိပြီး... ဒီမိန်းမစီးဖိနပ်လေးတစ်ဖက်နှင့်သူ ဘယ်လိုများ ပတ်သက်နေသလဲ ဟု သိချင်စိတ်ပြင်းပြသွားလေသည်။ ပြီးတော့ ထိုလူ့ဖိနပ်လေးကိုပါရမည်ဆိုပါလျှင်ဖိနပ်တစ်ရံ ပြန်ရမည်မို့ သူမလိုချင်နေမိ၏။

"အဲဒီဖိနပ်လေး ကျွန်မကိုပေးပါလားရှင်"ဟု သူမ မဝံ့မရဲ ပြောလိုက်မိသည်။

သူက ခေါင်းကိုခါရမ်းလိုက်ပြီး...

"မင်းကိုအားတော့နာပါတယ်၊ ဒီဖိနပ်လေး တစ်ဖက် ကကိုယ်နဲ့ ဘယ်တော့မှမခွဲဘူး ၊ အမြဲလိုလို အတူရှိနေခဲ့တာ၊ ကိုယ်ဘယ်နေရာသွားသွား ဒီဖိနပ်လေးကို ကိုယ်နဲ့အတူ

ယူဆောင်သွားလေ့ရှိတယ်"

သူ့အသံကပြောရင်း အက်ကွဲတုန်ယင်လာသည်မို့ သူမ အံ့အားသင့်သွားမိ၏။

"ဒါဆို ရှင်က ဒီဖိနပ်လေးကို တော်တော်မြတ်နိုး တာပေါ့ နော်၊ဒါ ဘယ်သူ့ဖိနပ်လဲဟင်"

"ကိုယ့်ချစ်သူရဲ့ဖိနပ်ပါ"ပြောရင်းသူ့မျက်ဝန်းတွေ ရီဝေ သွားတာ သူမတွေ့လိုက်ရ၏။

"သြော် ... ဒါကြောင့်ကိုး၊ ရှင့်ချစ်သူကော ဒီကို ပါမလာခဲ့ဘူးလားဟင်"

လွှတ်ခနဲမေးလိုက်မိပြီးမှ သူ့ကိုအားနာသွားမိသည်။ သူ့မျက်နှာမှာ မှိုင်းညို့ရီဝေသွားပြီး မျက်ဝန်းနှစ်ဖက်မှာ ဝမ်းနည်းထိခိုက်ရိပ်တွေ လွှမ်းသွားလေသည်။

"သူဆုံးသွားပါပြီ"

သူ့အသံမှာ အဖျားခတ်တုန်ရီသွားသလို မျက်ဝန်းတွင် လက်ခနဲ အရိပ်တစ်ခုဖြတ်သန်းသွားတာကို သူမမြင်လိုက် ရလျှင် သူမရင်ထဲခံစားလိုက်ရ၏။

"အို... စိတ်မကောင်းလိုက်တာ၊ ကျွန်မကြောင့် ရှင်စိတ်ထိခိုက်သွားရပြီ"

သူမပါသူ့ထံမှ ခံစားမှုကူးစက်လာသလို စိတ်မကောင်းဖြစ်သွားမိပြီး ထိုင်ရာမှ ထရပ်လိုက်သည်။

"ကျွန်မပြန်တော့မယ်နော်၊ ကျွန်မဖိနပ်လေး ပြန်ရတဲ့အတွက် ရှင့်ကိုကျေးဇူးတင်ပါတယ်"

"ဒီဖိနပ်လေးတစ်ဖက် မင်းကိုမပေးနိုင်ခဲ့တဲ့အတွက် ကိုယ်စိတ်မကောင်းပါဘူးကွာ"

"အို… တိမ်းမယူရက်တော့ပါဘူး၊ အဲဒီဖိနပ်လေးတစ်ဖက်ဟာ ရှင့်အတွက် တစ်သက်တာ အဖော်မွန်ပဲမဟုတ်လား၊ တိမ်းကို ပြန်ခွင့်ပြုပါဦးနော်"

သူမ ဖိနပ်လေးတစ်ဖက်ကို ယူဆောင်လျက်ပြန်လာခဲ့သည်။

ထိုအချိန်မှစ၍ သူမနှလုံးသားထဲတွင် "သူ"ဆိုသောလူတစ်ယောက် စွဲငြိခိုင်မာစွာရှိနေရန် ဝင်ရောက်လာခဲ့ပြီဆိုတာကို သူမထူးဆန်းအံ့ဩစွာ ရိပ်စားနားလည်နေခဲ့မိလေသည်။

♥♥ ♥♥ ♥♥



ဘရဏီစာပေ

# အခန်း (၄)

သူသည်တစ်ခါက အောင်မြင်ကျော်ကြားခဲ့ဖူးသော တေးစီးရီး(စ်)များ ထုတ်ဝေသည့် ပရိုဂျူဆာတစ်ယောက် ဖြစ်လေသည်။

ချမ်းသာကြွယ်ဝသော မိဘများမှ ပေါက်ဖွားလာသူ ပီပီ ငွေကြေး၊ ပစ္စည်းဥစ္စာ ပြည့်စုံကြွယ်ဝခြင်းများအပြင် သူလုပ်ကိုင်သည့် စီးပွားရေး လုပ်ငန်းများမှာလည်း အောင်မြင်ခဲ့တာချည်းပဲ ဖြစ်သည်။

အစစအရာရာ လှပပြည့်စုံခဲ့သော သူ့ဘဝထဲသို့ 'မိုးသောက်ဦး' ဆိုသည့် မိန်းကလေးတစ်ယောက်သည် လေညှင်းတစ်ခု ပမာ၊ သစ်ရွက်လေးတစ်ရွက်ပမာ နူးညံ့စွာ ခိုဝင်ရောက်ရှိလာခဲ့၏။

သူမနှင့်ဆုံတွေ့ပြီး မကြာမီပင် သူမကိုစီးရီး(စ်) ထုတ်ပေးခဲ့သည်။အဆိုပညာတွင် ပါရမီပါထူးချွန်လှသော ကြောင့် သူမ စီးရီး(စ်)မှာ မထင်မှတ်လောက်အောင် အောင်မြင်ပေါက်မြောက်ကာ ဟိုးဟိုးကျော်သွားခဲ့သည်။

ပြီးတော့ သူမနှင့်သူလည်း ချစ်သူဘဝသို့ ရောက်ရှိ သွားခဲ့ကြသည်။ ချစ်သူဘဝတွင် ပျော်ရွှင်မဆုံး ဖြစ်ခဲ့ကြပြီး တစ်သက်တာ လက်တွဲကြရန် ဆုံးဖြတ်ခဲ့ကြ၏။

သို့သော် ထိုစိတ်ကူးအိပ်မက်မှာ...

ဆိုးရွားရက်စက်စွာ ရိုက်ပုတ်လိုက်သော ကံကြမ္မာ အောက်တွင် မွမွကြေကာ ပျက်ဆီးခဲ့ရလေသည်။

ထိုအဖြစ်အပျက်များသည် ကြာခဲ့ပြီဖြစ်သော်လည်း သူ့နှလုံးသားထဲတွင် တစ်နေ့မှမေ့မရနိုင်ခဲ့၊သူ့ကို အစဉ်အမြဲ ခြောက်လှန့်နေဆဲ၊ လပေါင်းနှစ်ပေါင်းများစွာ နာကျင်ထိခိုက်

ဆွေးမြေ့နေဆဲပင်။

ခပ်ဝေးဝေးမှ ပျံ့လွင့်လာသည့် ဂစ်တာသံနှင့်သီချင်းသံကြောင့် သူ့အတွေးမှ လန့်နိုးသွား၏။ပြီးတော့ အသံလာရာသို့ လှမ်းမျှော်ကြည့်လိုက်မိသည်။

အရိပ်ကောင်းသည့် အုန်းပင်တန်းတွေကြားတွင် ဝိုင်းဖွဲ့၍ ထိုင်နေကြသော အုပ်စုတစ်စုကိုတွေ့လိုက်ရ၏။ သူကျောက်ဆောင်ပေါ်တွင် တစ်ယောက်တည်းထိုင်နေရာမှ ထိုအုပ်စုရှိရာ အုန်းပင်တန်းဆီသို့ လျှောက်လာခဲ့သည်။

သူတို့နှင့်နီးလာလေ သီချင်းသံက ပိုပြီး ထင်ရှားပြတ်သားလာလေပင်။ အသံရှင်မှာ မိန်းကလေးတစ်ယောက်ဖြစ်ပြီး သူ့နှလုံးသားတစ်ခုလုံးကို ယိမ်းယိုင်သွားလောက်အောင်ပင် လှုပ်ရှားသွားစေသည်။

အုန်းပင်တစ်ပင်ကိုကွယ်ရပ်ပြီး သူလှမ်းကြည့်လိုက်သည်။အံ့ဩမယုံနိုင်စရာပင်... သီချင်းသီဆိုနေသူမှာ ညက ဖိနပ်ဝိုင်ရှင် မိန်းကလေးဖြစ်နေလေသည်။

သူမအသံသည် တည်ငြိမ်နေခဲ့သော သူ့နှလုံးသားကို လှုပ်ရှားသွားစေပြီး သူ့ရင်ထဲအံ့ဩမှုတွေ ဖုံးလွှမ်းလာသည်။

ဘရဏီစာပေ

တူလိုက်တာ... ဒီမိန်းကလေးရဲ့အသံဟာ ဘာကြောင့်များ မိုးနဲ့ဒီလောက်တောင် တူနေရပါလိမ့်...

ဂစ်တာကို ကိုယ်တိုင်တီးပြီး သီချင်းဆိုနေသော သူမကိုငေးကြည့်ရင်း သူ့ရင်တစ်ခုလုံးလှုပ်ရှားနေလေသည်။ သူမ သီချင်းဆိုတာကို ကြည့်နေရင်းမှ သူသတိရလာမိသည်။

မှတ်မိပြီ...ညက သူ့ကိုမြင်ဖူးတယ်လို့ ထင်ခဲ့မိပေမယ့် ဘယ်မှာမှန်း မမှတ်မိခဲ့ဘူး...

တစ်ခါတုန်းက Dinner party တစ်ခုတွင် သူမနှင့် ဆုံတွေ့ဖူးခဲ့ခြင်းဖြစ်လိမ့်မည်။ထိုနေ့က သူနိုင်ငံခြားမှ ပြန်ရောက်လာပြီး တစ်ပတ်ခန့်အကြာတွင် ဖြစ်သည်။

သူ့သူငယ်ချင်းတစ်ဦးက 'မိုးသောက်ဦး'နှင့်အသံ အလွန်တူသော အဆိုတော်တစ်ယောက် တွေ့ထားကြောင်းနှင့် မိုးသောက်ဦး အောင်မြင်ကျော်ကြားခဲ့သော သီချင်းများကို ပြန်ဆိုခွင့်ပြုရန် မူပိုင်ယူထားသော သူ့ထံတွင် ခွင့်တောင်းခဲ့၏။

သူက လုံးဝလက်မခံခဲ့၊ အပြတ်ငြင်းပစ်ခဲ့သည်။ 'မိုး'နေရာတွင် မိုးသီချင်းကို ဘယ်သူဆိုတာမှ သူမမြင်ချင်။

သူ့အတွက်မိုးသည် နှစ်ယောက်မရှိနိုင်။သူ့နှလုံးသားသည်လည်း မိုးနှင့်အတူ သေဆုံးခဲ့ပြီမို့ 'မိုး'သီချင်းတွေကို ပြန်ဆိုတေးလုပ်တာမျိုး သူလက်မခံ နိုင်ခဲ့ပါ။

ထိုနေ့ညက မိုးနှင့်အသံတူသည့် မိန်းကလေးနှင့်မိတ်ဆက်ပေးရန် သူ့ကိုဝိုင်းပြောကြသော်လည်း သူကအတင်းအကြပ်ငြင်းပြီး သူတို့စားပွဲရှိရာ သူမလျှောက်လာနေစဉ် သူကမန်းကတမ်း ထပြန် မိခဲ့၏။

သူမကို ဖျတ်ခနဲသာမြင်လိုက်ရပြီး သေချာမမှတ်မိခဲ့၊ခုမှ သူမမှန်းသိရပြီ။သူ့အတွေးမဆုံးခင်...

"ဟင်... ရှင်ပါလား၊ ဒီမှာ ဘာရပ်လုပ်နေတာလဲ" ဟူသောအသံလွင်လွင်လေးနှင့်အတူ သူ့နားရောက်လာသော သူမကို တွေ့လိုက်ရ၏။

"မင်းသီချင်းဆိုတာ ရပ်ပြီးနားထောင်နေတာပါ"ဟု သူကပြောလိုက်လျှင် သူမက ရှက်ပြုံးလေးပြုံးကာ...

"တိမ်းက သီချင်းဆိုတာ သိပ်ဝါသနာပါတာ"

"မင်းအသံက တော်တော်ကောင်းတာပဲ"

"တကယ်လားဟင်၊တိမ်းကို အခုလိုချီးမွမ်းတဲ့အတွက်

အရမ်းဝမ်းသာတာပဲ"

ထိုစဉ် သူတို့နားသို့ သူမ၏သူငယ်ချင်းများ ရောက်လာကြပြီး…

"ဟော့… တိမ်း၊အဲဒီမှာ ဘာလုပ်နေတာလဲ၊ နောက်တစ်ပုဒ် ဆိုဦးလေဟာ"

"ငါတို့နားက နင်ပျောက်သွားလို့ လိုက်ရှာနေတာ"

"လာကြဦး… နင်တို့ကိုငါမိတ်ဆက်ပေးရဦးမယ်၊ ညက ငါ့ဖိနပ်လေးတစ်ဖက်ပြန်ပေးခဲ့တာသူပေါ့"

သူမ၏ သူငယ်ချင်းများက မိန်းကလေးငါးယောက် နှင့် ယောကျ်ားလေးသုံးယောက် ဖြစ်ကြပြီး ….. သူ့ကို အကဲခတ်သည့် စူးစမ်းသည့် မျက်ဝန်းများဖြင့် ဝိုင်းပြီး ကြည့်လိုက်ကြသည်မို့ သူအနေခက်သွားတော့၏။

"ဟုတ်လား… တိမ်းရဲ့ဖိနပ်လေးကိုကောက်ရခဲ့တာ ဦးပေါ့နော်၊ မီတို့ကလဲ ကျေးဇူးတင်ပါတယ်ရှင်၊တိမ်းက အဲဒီဖိနပ်လေးကို သိပ်ပြီးမြတ်နိုးတာ"

"ဟုတ်ပါတယ် အန်ကယ်လ်၊တိမ်း သိပ်ကြိုက်တဲ့ဖိနပ်လေးတစ်ဖက်ကို ပြန်ရလိုက်တာ အန်ကယ့်လ်ကျေးဇူးကြောင့်

ပါပဲ”ဟု ကောင်လေးတစ်ယောက်ကလည်း ပြောသည်။

“ရေအဆုံးကုန်းတစ်ဝက်တဲ့... ဦးလေး ကောက်ရထား လို့ပေါ့၊နောက်မဟုတ်ရင် ဘယ်ပြန်ရပါ့မလဲ”

သူ့ကို ဦးလေး၊အန်ကယ်လ် စသည်ဖြင့် အမျိုးမျိုးခေါ် ကာ ပိုပိုသာသာ မြှောက်ပင့်ပြောဆိုလိုက်ကြသည်မို့ သူစိတ် ညစ်သွားမိ၏။

“ဦးလေးက ဒီကိုအလည်လာတာပဲလား”ဟု သူတို့ ထဲမှ တစ်ယောက်ကမေးတော့ သူခေါင်းညိတ်ပြ လိုက်သည်။

“အန်ကယ့်လ်နာမည် ဘယ်လိုခေါ်သလဲ” ဟု ကောင်လေးတစ်ယောက်က မေးလိုက်သည်။

“မိုးယံထက်”ဟု သူကပြောလိုက်လျှင် တစ်အုပ်စုလုံး ရှိုးရှိုးရှုရှု ဖြစ်ကုန်ကြကာ...'

“ဟာ... ဦးလေးနာမည်က ရေလည်မိုက်တယ်ဗျာ၊မင်း သားနာမည်ကျနေတာပဲ”

“မိုးယံထက်ဆိုတာ အမြဲတမ်းမိုးပေါ်မှာနေမယ် ဆိုတဲ့ သဘောလား... အန်ကယ်လ်”

တစ်ယောက်တစ်ပေါက် ပြုံးစိစိ မျက်နှာကလေး

များနှင့် ဝိုင်းနှောက်နေကြသည်မို့ သူမျက်နှာမထားတတ်လောက်အောင် ဖြစ်နေမိ၏။သူမက...

"တော်ကြပါတော့ဟယ်၊ နင်တို့ကလဲ၊ မနှောက်ကြပါနဲ့တော့၊ ဦးကို အားနာစရာ"ဟု သူမပြောလိုက်သည်။

အားလုံးနှစ်ဆယ်ကျော်လေးတွေမို့ အသက်သုံးဆယ့်ငါးနှစ်အရွယ် သူ့ကို လူကြီးတစ်ယောက်လို ဆက်ဆံနေကြတော့၏။

"ကျွန်တော်တို့အားလုံးက ပျော်တတ်တယ်နော် ဦး၊ စိတ်မရှိနဲ့၊ ပျော်ချင်ရင် ကျွန်တော်တို့ဆီကိုသာ လာခဲ့၊ ဘယ်တော့မှ မငိုရတော့ဘူး သိလား"

ဝမ်းနည်းမှုတွေကို အဆုံးသတ် ပေးလိုက်မယ် အန်ကယ်လ်၊ ကျွန်တော်တို့အဖွဲ့က အန်ကယ့်လ်ကိုကြိုဆိုပါတယ်"

သူ့ကိုအသည်းကွဲလူသားကြီး တစ်ယောက်အနေနဲ့ ဝိုင်းပြီး စနှောက်နေကြမှန်း သူရိပ်မိသွားပြီး ရှက်သွားမိလေသည်။ပြီးတော့ သူမကိုသူ့အကြောင်းတွေ လျှောက်ပြောရသလား... ဆိုသောမျက်နှာမျိုးဖြင့် လှမ်းကြည့်လိုက်လျှင်

သူမစိတ်မကောင်း ဖြစ်သွားမိ၏။

"ဟဲ့... ငနိုင်ရယ် တော်ကြပါတော့၊နင်တို့ကလဲ"ဟု သူမကပြောလိုက်သည်။

"ဦးယံ တိမ်းတို့အဖွဲ့က ပျော်တတ်လို့ပါ၊ စိတ်မရှိနဲ့နော်၊ တိမ်းတို့က ဒီစက်စဲကမ်းခြေကို အိပ်စကတတ်ရှင်း ထွက်လာကြတာပါ၊ဒီနေ့ည တိမ်းတို့အဖွဲ့စုပြီး မီးပုံပွဲလေး လုပ်ကြမယ်၊အဲဒါ..တိမ်းက ဦးယံကို ဖိတ်ချင်လို့ပါ"

"ဟုတ်ပါတယ်... အန်ကယ်လ်၊ ရတီတို့ရဲ့ မီးပုံပွဲလေးကို လာရောက် အားပေးစေချင်ပါတယ်၊ သီချင်းတွေဆိုကြကကြမှာ ပျော်စရာကြီး"

"လာဖြစ်လိမ့်မယ် မထင်ဘူး"

သူ အေးစက်စက် ပြန်ဖြေလိုက်သောကြောင့် သူမ မျက်နှာလေးညှိုးကျသွားပြီး...

"ဘာဖြစ်လို့လဲရှင်၊တိမ်းက တိမ်းရဲ့ဖိနပ်လေးပြန်ရတဲ့ အတွက် အရမ်းကျေးဇူးတင်လို့ ဦးယံကို တိမ်းတို့ရဲ့မီးပုံပွဲကို လာစေချင်တယ်၊Barbecue ပွဲလေးပါ လုပ်မှာမို့လို့ပါ"

"မင်းရဲ့စေတနာကို ကိုယ်အသိအမှတ်ပြုပါတယ်၊

ဒါပေမယ့် ကိုယ်မလာနိုင်တာကိုတော့ စိတ်မရှိပါနဲ့၊ကဲ… ကိုယ်ပြန်ဦးမယ်"

တင်းမာနေသည့် သူ့မျက်နှာထားကြောင့် သူမ ရင်ထဲထိခိုက်သွားမိ၏။သူထွက်သွားတော့ သူမက…

"အဲဒါ နင်တို့ကြောင့်သိရဲ့လား၊ နင်တို့ ပါးစပ်ချောင် လို့ ဦးယံက စိတ်ဆိုးသွားတာ"

"ငါတို့က နောက်တာပါ မိတိမ်းရာ၊နင့်လူကြီးကိုက ပဲပိုလွန်းပါတယ်"

"အေးလေ… ငါတို့က သူ့ရင်ထဲက အသည်းကွဲနာ တွေကို ကုပေးမလို့၊သူက စတိုင်မလိုင်ထုတ်နေလိုက်တာ"

သူငယ်ချင်းတွေကို သူ့အကြောင်းပြောပြခဲ့မိတာ မှားသွား မှန်း သူမသိလိုက်၏။သို့သော် နောက်ကျခဲ့လေပြီ။

သူထွက်သွားသော သောင်ပြင်ဘက်သို့ သူမငေးမျှော် ကြည့်ရင်း စိတ်ထိခိုက်စွာ ကျန်ရစ်ခဲ့တော့၏။

ᴥ ᴥ ᴥ

## အခန်း (၅)

သူမတို့၏ Barbecue ပွဲလေးနှင့် မီးပုံပွဲ Bonfire လေးသည် အလွန်စည်ကား ပျော်ရွှင်စရာကောင်းလှသော် လည်း သူမရင်ထဲမှာတော့ ကွက်လပ်ကြီးတစ်ခုဖြင့် ဟာနေလေသည်။

သူငယ်ချင်းတွေ အားလုံး ပျော်ရွှင်ရယ်မောမဆုံး ရှိနေကြစဉ်... သူ့ကို သူမမျှော်လင့်စောင့်စားနေမိ၏။ သူ ရောက်လာခဲ့မည်ဆိုပါလျှင် သူမတို့၏ မီးပုံပွဲလေးသည် ဘယ်လောက်လှပ ပြည့်စုံသွားလိမ့်မလဲ...

မနေ့ညက သူနှင့်ဆုံတွေ့ပြီးကတည်းက သူ့မျက်နှာကို မေ့မရ။ စွဲလမ်းနေမိသည်။ သူ့ကိုမျှော်ရင်း ရင်ထဲ ပင်ပန်း လာသည်။

"ဟော့... တိမ်း၊ဘာလဲ... မျှော်တော်ယောင် လုပ်နေတာလား၊ဒီမှာ နင့်အလှည့်ရောက်နေပြီဟ"

"လာဆိုလေဟာ... ငါတို့ နားထောင်ချင်လှပြီ"

အုန်းပင်ရင်းတွင် ထိုင်နေရာမှ သူမထလာခဲ့ပြီး သူတို့နားတွင် စိတ်မပါသလို ထိုင်ချလိုက်၏။

"ဘာသီချင်း ဆိုရမှာလဲ"

"ကြိုက်တာဆို... နင်ဆိုတာ အားလုံးကောင်းတယ်"

"ဆိုမှာသာ ဆိုစမ်းပါ"

သူမ ဘာသီချင်း ဆိုရမှန်းမသိ။ ပြီးတော့မှ ဂစ်တာကို စတင်ခေါက်လိုက်ပြီး...

❖ ❖ ❖ ရင်ခုန်သံဟာ နာရီသံလို အချိန်မှန်လည်ပြီဆို အာရုံတွေမှာ ပြန်ခံစားမိတယ်... ရင်ခုန်သံတွေ ဆူညံလွန်းရင် အချစ်တဲ့လား... စဉ်းစားလို့ကြည့်တော့ ဒီမှာ အသည်းလေးပူ ကိုယ် မကြုံဖူးသေးဘူး...

❖ ❖ ❖ ကြင်နာစွာ ချစ်မိပြီ... အရင်ဆုံးပဲ မင်းလေးကို.. ချစ်မိပြီ... အရင်ဆုံးပဲ... မြင်မြင်ချင်း အကြည့်များနဲ့ ရင်ထဲစီးဆင်းခဲ့.... ချစ်ခြင်းများ တကယ်ကိုနူးညံ့လို့...

ထွန်းအိန္ဒြာဗို၏ "အချစ်နဲ့အတူ"သီချင်းကို ဆိုမိသွားခဲ့သည်။ရင်ထဲမှခံစားချက်တွေ သီချင်း၌ ပွင့်အန်ထွက်လာပြီထင်သည်။

အားလုံး သူမဂီတတွင် စီးမျောသွားကြလျက် သူမခံစားချက်ကို နားလည်နေကြသော အကြည့်များဖြင့်ကြည့်နေခဲ့ကြလေသည်။

တကယ်တော့ နက်နဲပြင်းထန်တဲ့ ရင်ခုန်မှုဆိုတာအချစ်ဆိုတဲ့အရာနဲ့ ပတ်သက်ဆက်နွှယ်နေခဲ့ပါတယ်၊ဘယ်သူမှဘယ်တုန်းကမှ ယိမ်းနွဲ့တိမ်းရဲ့နှလုံးသားထဲကို ဒီလောက်ငြိငြိတွယ်တွယ် မဝင်ရောက်ခဲ့ဖူးပါဘူး...

ထိုနေ့ညက မီးပုံပွဲသို့ သူတကယ်ပင်ရောက်မလာခဲ့ပါ။သူမရင်ထဲ နာကျင်လျက် မျှော်လင့်ချက်တို့ ဆုံးရှုံးခဲ့ရလေသည်။

သူမတစ်ခါမှ မကြုံတွေ့မခံစားဖူးသော ဆန်းကြယ်သည့် ခံစားမှုလေးကိုနောက်ဆုံးတော့ သူမက 'အချစ်'ဟုတိကျစွာ သတ်မှတ်ခဲ့လေသည်။

▼▼▼





# အခန်း (၆)

ထိုနေ့ညက သူမဖိတ်ကြားခဲ့သော မီးပုံပွဲသို့သူမသွားဖြစ်ခဲ့ပါ။

တကယ်တော့ သူမသီချင်းသံကြောင့် သူ့ရင်ထဲအကြီးအကျယ် တုန်ယင်လှုပ်ရှားခဲ့ရသည်။

ထို့ကြောင့် မိုးနှင့် အသံတူလွန်းလှသော သူမထံသွားပြီးသီချင်းတွေ နားမထောင်လိုပေ။ ကြေကွဲနာကျင်ရမည်ကလွဲလို့ဘာအကျိုးအမြတ်မှ ရှိမလာနိုင်။

သူအစောကြီး အိပ်ရာဝင်ခဲ့သော်လည်း ကောင်းစွာအိပ်မရချေ။ မကြာခဏ သူ့ကို ထိတ်လန့်ကြောက်ရွံ့စေခဲ့သောအိပ်မက်ဆိုးကြီးက ခြောက်လှန့်နေခဲ့ပြန်သည်။ထိုအိပ်မက်ကို

သူမကြာခဏမက်လေ့ရှိပြီး... အိပ်မက်မှလန့်နိုးသည့်အခါတိုင်း နှလုံးသားတွေပြင်းထန်စွာ နာကျင်ရမြဲဖြစ်သည်။

အဲဒီနေ့လေးကို သူ့တစ်သက် ဘယ်တော့မှ မေ့မည် မဟုတ်။ အိပ်မက်ဆိုသော်လည်း အပြင်မှာ ဖြစ်ပျက်ခဲ့သည့် အတိုင်း စိုးစဉ်းမျှ ပြောင်းလဲခြင်းမရှိခဲ့။

အဲဒီနေ့က သူနှင့်မိုးသောက်ဦး လက်ထပ်သည့်နေ့ ဖြစ်သည်။ ထိုနေ့က သူမ Beauty saloon မှာ အလှသွားပြင်နေတာ အချိန်ကြာလွန်း၍ သူစိုးရိမ်ပူပန်ပြီး သူမရှိရာ ထိုဆိုင်သို့ လိုက်သွားခဲ့မိ၏။

တကယ်လို့ သူသာသူမဆီသို့ လိုက်မသွားခဲ့ပါလျှင် ထိုအဖြစ်အပျက်များနှင့် ကြုံတွေ့ချင်မှကြုံတွေ့ရလိမ့်မည် ထင်သည်။

Beauty saloon နား သူရောက်လာခဲ့စဉ်... သူမက ဆိုင်ရှေ့မှာ ပြင်ဆင်ပြီး ထွက်ရပ်စောင့်နေချိန် ဖြစ်သည်။ အကြိုလွှတ်လိုက်သည့် ကားက ဘီးပေါက်ပြီး သူမဆီရောက် မလာခဲ့ခြင်းဖြစ်ကြောင်း နောက်မှသိခဲ့ရလေသည်။

ဆိုင်က တစ်ဖက်လမ်းမတွင်ဖြစ်ပြီး သူ့ကားလေးကို

ဆိုင်နှင့်မျက်နှာချင်းဆိုင်တစ်ဖက် ပလက်ဖောင်းဘေးတွင် ထိုးရပ်ပြီးသူမကို သူလှမ်းကြည့်လိုက်သည်။

ကားကို ဆိုင်ရှေ့သို့ ဂငယ်ကွေ့ ပြန်ကွေ့မည်ပြုစဉ်... သူမက သူ့ကားကိုမြင်သွားပြီး ဝမ်းသာပျော်ရွှင်သွားသည့် အမူအရာလေးနှင့် မင်္ဂလာဆောင်ပန်းနုရောင် ဂါဝန်ရှည်လေးကို ဆွဲမကာရှုပ်ထွေးနေသည့်ကားလမ်းမပေါ်သို့ အလောတကြီး ပြေးဖြတ်လိုက်၏။သူတားဆီးချိန် မရလိုက်။

သူ့ရင်ထဲ စိုးရိမ်ပူပန်စိတ်တွေ မြင့်တက်လာစဉ်... အစိမ်းရင့်ရောင် PRADO ကားကြီး တစ်စီးသည် သူမ၏ ခန္ဓာကိုယ်လေးကို အညှာအတာ ကင်းမဲ့စွာ ဖြတ်တိုက်ချ လိုက်သည်။

သူမခန္ဓာကိုယ်လေးသည် အရုပ်လေးတစ်ရုပ်လို လမ်းမ တစ်နေရာသို့ လွင့်စင်ထွက်သွားတာကို မြင်လိုက်ရသည့် ခဏ၌ သူတုန်လှုပ်သွေးပျက်သွားလေသည်။

"မိုး"

သူ့အသံမှာ ရင်တွင်းအနက်ရှိုင်းဆုံးနေရာမှ ခပ်အက် အက်ထွက်လာပြီး... သူမရှိရာသို့ ကမူးရှူးတိုး ပြေးထွက်

လာခဲ့မိသည်။ကားတွေ တဝူးဝူးဖြတ်မောင်းနေတာကို ဂရုမစိုက်နိုင်။

ရုတ်ရုတ်သဲသဲ ဝိုင်းအုံကြည့်နေကြသော လူအုပ်ကြီးကို တွန်းထိုးလျက် သူမနားပြေးလာကာ သူမကိုယ်လေးကို ပွေ့ယူလိုက်သည်။

ပန်းနုရောင် သတို့သမီးဝတ်စုံလေးမှာ သွေးများ ချင်းချင်းနီလျက် သူ့သတို့သမီးလေးမှာ ကြည့်ရက်စရာမရှိ… သူ့ကိုတစ်ချက်လေးတောင် နှုတ်ဆက်စကားပြောမသွားနိုင်ရှာဘဲ ငြိမ်သက်နေလေပြီ။

သူမခြေထောက်တွင် ဒေါက်မြင့်ဖိနပ် ရွှေရောင်လေး တစ်ဖက် စီးထားလျက် ကျန်ရစ်ခဲ့၏။ကျန်တစ်ဖက်မှာ ဘယ်ကို လွင့်စင်သွားသည်မသိပါ။

မြန်ဆန်လွန်းလှသော ထိုတဒင်္ဂ အဖြစ်အပျက်ကို သူ ဘယ်လိုမှ လက်မခံနိုင်လောက်အောင် နှလုံးသားတစ်ခုလုံး အဆွဲ ထုတ်ခံထားရသူလို ရူးသွပ်နာကျင်နေမိ၏။

သူမကိုယ်လေးကို တအားကြုံးဖက်ထားရင်း…

"မင်းမသေရဘူး မိုး၊မင်းမသေရဘူး၊ကိုယ်တို့ လက်ထပ်

ကြမယ်”ဟု သူအရူးတစ်ယောက်လို အသံကုန်အော် ဟစ်နေမိ၏။

“မိုး... မိုး”

သူ့တစ်ကိုယ်လုံး ချွေးစေးတွေပျံကာ မျက်ရည်များစိုစွတ်လျက် အိပ်ယာမှ လန့်နိုးလာခဲ့သည်။

ရင်တွေ တဒိတ်ဒိတ်ခုန်နေပြီး မောဟိုက်ပင်ပန်းကာ လောလောလတ်လတ် ပြန်လည်ကြုံတွေ့ခံစားလိုက်ရသလို တုန်ရင်ခြောက်ခြားနေလေသည်။

“မိုးရယ်...”သူ့နှုတ်ခမ်းများက သူမနာမည်ကို တမ်းတမ်းတတ ရေရွတ်နေမိဆဲ။

ထိုနေ့က သူ့ထံ ပန်းနုရောင်သတို့သမီး ဂါဝန်ရှည်လေးနှင့် တလွင့်လွင့်ပြေးလာနေသော အချစ်ဆုံးမိုး၏ နောက်ဆုံးပုံရိပ်လေးကို သူဘယ်တော့မှ မေ့မရတော့ပါ။

သူမ၏ပုံရိပ်လေးများက သူ့ကိုစက္ကန့်တိုင်း၊ အချိန်တိုင်း၊အိပ်မက်တိုင်း ခြောက်လှန့်နေတော့၏။သူ့မျက်စိရှေ့တွင် မရှုမလှ သူမသေဆုံးသွားခဲ့သောကြောင့်... သူရူးကြောင်ကြောင် ဖြစ်ခဲ့ဖူးပါ၏။

သူဘာမှမစား၊ဘာမှမသောက်၊အိပ်လဲမအိပ်နှင့် စကား လဲမပြောတော့သောကြောင့် သူ့ကိုမိဘများက စိတ်ကြောင်သွား ပြီ ဟု ထင်ခဲ့ကြလေသည်။

အသက်မဲ့နေသည့် မိုး၏ခန္ဓာကိုယ်လေးကို ဖက်ပြီး ငြိမ် သက်နေသောသူ့ကို တော်တော်ဖျောင်းဖျခဲ့ကြရသည်။

သူမဆုံးသွားပြီးနောက် စိတ်ပြေလက်ပျောက် အနေ ဖြင့် ဩစတြေးလျရှိ ဦးလေးတစ်ဦးထံတွင် သွားရောက် နေထိုင် ခဲ့ပြီး မကြာခင်ကမှ မြန်မာပြည်သို့ ပြန်လည်ရောက်ရှိလာခဲ့ခြင်း ဖြစ်၏။ သူမမရှိတော့သည့်အချိန်မှစ၍ သူဘာလုပ်ငန်းမှ မလုပ်ဖြစ်တော့။

ပရိုဂျူဆာလည်းမလုပ်ဖြစ်တော့သလို သူမသီချင်းတွေ ကိုပြန်ဆိုဖို့လာတောင်းကြသူများကိုလည်း ငြင်းပယ်ပစ်ခဲ့၏။

နာကျင်ထိတ်လန့်ဖွယ် ထိုအဖြစ်ဆိုးများ ဖြစ်ပျက်ခဲ့ သည်မှာ ငါးနှစ်ကျော်ကာလရှိခဲ့ပြီဖြစ်သော်လည်း... သူမေ့မရ နိုင်သေး။

လက်ထပ်မည့်နေ့က သူမစီးခဲ့သည့် ရွှေရောင်ဒေါက် မြင့် ဖိနပ်လေးတစ်ဖက်ကို အမှတ်တရအဖြစ် သူသိမ်းဆည်းထား

ခဲ့မိပြီး သူသွားလေရာ ခရီးများတစ်လျှောက်ယူသွားလေ့ရှိ၏။ ထိုဖိနပ်လေးကို လက်ထပ်ပွဲနေ့တွင် သူမစီးရန် သူကိုယ်တိုင် ဝယ်ပေးခဲ့ခြင်းဖြစ်သည်။

ထိုအဖြစ်အပျက်များ ဖြစ်ပျက်ခဲ့သည့်နောက် သူသည် နာကျင်ကြေမွနေသော နှလုံးသားတစ်ခုနှင့်အတူ တစ်ယောက်တည်း စိတ်ပြေလက်ပျောက် ခရီးများထွက်ရင်း လေလွင့်လျက်ရှိ၏။

သူ့သေတ္တာထဲတွင် ပါလာခဲ့သည့် သူမဖိနပ်လေးတစ်ဖက်ကို သတိရသည့်အခါတိုင်း အလွမ်းပြေထုတ်ကြည့်လေ့ရှိသည်။

သူမြန်မာပြည်သို့ ပြန်ရောက်လာခဲ့ပြီး မကြာခင် ဤစက်စဲကမ်းခြေသို့ ခရီးထွက်လာခဲ့ရင်း... မိုး၏ဖိနပ်လေးနှင့် အလွန်တူသည့် ရွှေရောင်ဖိနပ်လေးတစ်ဖက်ကို ထူးဆန်းစွာ ကောက်ရခဲ့ပြီး... ဖိနပ်ပိုင်ရှင်'တိမ်း'ဆိုသော သူမနှင့်ဆုံတွေ့ခဲ့ရခြင်းဖြစ်လေသည်။

■ ■ ■



# အခန်း (၇)

နောက်တစ်နေ့နံနက်စောစော။ သူသည်သူ၏ပစ္စည်းများ နှင့် အထုပ်အပိုးများအားလုံးကိုသူ၏ဂျစ်ကားလေးပေါ်သို့ တင်နေသည်။

ဤသောင်ယံကမ်းခြေတွင် ဆက်လက် နေထိုင်လိုစိတ်မရှိတော့။ ရင်ခုန်မှုအသစ်တို့ မဖြစ်ပေါ်မီ၊ ဘယ်တော့မှ မသေဆုံးနိုင်သည့်အချစ်ဆိုသော အရာတစ်ခု ပြန်လည်ရှင်သန် မပေါက်ဖွားလာမီသူထွက်သွားမှ ဖြစ်လိမ့်မည်။

ဘာရဏီစာပေ

သူ၏ Harrier ကားကြီးကို စက်စဲကမ်းခြေ သောင်ယံ ဆီမှထွက်ခွာလာခဲ့၏။ကမ်းခြေသောင်ခုံကိုလွန်လာပြီး ခပ်လှမ်း လှမ်းသို့ ရောက်လာသောအခါ ကားလမ်းဘေး သစ်ပင်တစ်ပင် အောက်တွင် ရပ်နေသော မိန်းကလေးတစ်ဦးကို တွေ့လိုက်ရ၏။

သူမသည် အဖြူရောင်အင်္ကျီ ပျော့ပျော့ဖားဖားလေးနှင့် အဖြူရောင် စကတ်ရှည်တို့ကို ဝတ်ဆင်ထားပြီး ထန်းလက် ဦးထုပ်လေးကို ဆောင်းထားသည်။သူမရပ်နေရာမှ သူ့ကား ကိုလက်တစ်ဖက် မြှောက်၍ တားလိုက်သည်။

မမျှော်လင့်ဘဲ သူမကို တွေ့လိုက်ရသောကြောင့် သူအံ့အားသင့်သွားပြီး ကားကိုထိုးရပ်လိုက်မိသည်။

"ပြန်ပြီလား ဦးမိုးထက်ယံ"

"မင်းကော ဘယ်သွားမလို့လဲ"

သူမအမေးကို ခေါင်းညိတ်ပြလိုက်ပြီး သူမေးလိုက်၏။

"ကျွန်မ မော်လမြိုင်ကို လိုက်လို့ရမလား"

"မင်းပြန်တော့မလို့လား"

"ဟုတ်တယ်၊တိမ်းပြန်တော့မလို့၊ရှင့်ကားနဲ့ လိုက်ခဲ့ချင် တယ်၊ဖြစ်နိုင်ပါတယ်နော်"

သူမ မျှော်လင့်ကြီးစွာ မေးနေသောကြောင့် သူ မငြင်း ဖြစ်တော့ဘဲ ခေါင်းညိတ်လိုက်၏။ သူမကားပေါ်သို့တက် လိုက်ပြီး သူ့ဘေးတွင် ဝင်ထိုင်လိုက်သည်။

"မင်းက မော်လမြိုင်မှာနေတာလား"

"မဟုတ်ဘူး၊ရန်ကုန်မှာနေတာပါ၊မော်လမြိုင်က အန်တီ လေးက ဒီရောက်တုန်း သူ့ဆီဝင်ခဲ့ပါဆိုပြီး ဖုန်းဆက်ခေါ်လို့"

"ဪ... ဒါဆို မင်းသူငယ်ချင်းတွေ ကျန်ခဲ့ကြမှာပေါ့"

"သူတို့က မနက်ဖြန်မှပြန်ကြမှာ၊ဒါကြောင့် ဦးမိုးထက် ယံရဲ့ကားနဲ့လိုက်ခဲ့ရတာပေါ့"

သူမစကားကြောင့် သူပြုံးလိုက်မိသည်။

"ကိုယ့်နာမည် မိုးထက်ယံမဟုတ်ပါဘူး၊မိုးယံထက်ပါ"

"အို... ဆောရီး၊တိမ်းမှားခေါ်နေမိတာ"

"ကိစ္စမရှိပါဘူး"

သူက စကားမပြောတော့ဘဲ ကားကို ဂရုစိုက်မောင်းနေ သည်မို့ သူမလည်းဘာမှမပြောဘဲ ငြိမ်နေမိ၏။ကားမောင်းနေ သည့် သူ့ကို အလစ်တွင် မကြာခဏခိုးကြည့်မိသည်။

သူ့ရုပ်သွင်မှာ အတော်ပင် ချောမောသောကြောင့် သူမ

ကားစီးရင်း ရင်ခုန်နေမိလေသည်။

"ဦးကော မော်လမြိုင်ကို ပြန်မှာပဲလား"

"မဟုတ်ဘူး၊ကိုယ်က ရန်ကုန်ကိုပြန်မှာ"

"ဒါဖြင့်ဦးက ရန်ကုန်မှာနေတာပေါ့၊တိမ်းက မြေနီကုန်းမှာ နေတယ်"

သူ ဘယ်မှာနေတယ်ဆိုတာ သိချင်၍ စကားလမ်းကြောင်း နေသော်လည်း သူက ဘာမှမပြောသောကြောင့် သူမစိတ်ညစ်သွားမိ၏။ပြီးတော့ သီချင်းတစ်ပုဒ်ကို ခပ်တိုးတိုး ညည်းနေမိသည်။

သူမညည်းနေသည့် သီချင်းက Shania Twain ၏ From this moment on ဖြစ်သည်။ ပြီးတော့ နာမည်ကြီးအဆိုတော် မိုးသောက်ဦး၏ 'ချစ်သူ့ရက်စွဲ'သီချင်းများပင်။

ပထမတော့ သူကနားထောင်နေသော်လည်း 'မိုးသောက်ဦး' ၏သီချင်းကို ဆိုလိုက်စဉ်တွင် သူ့မျက်နှာမှာ သိသိသာသာမည်းမှောင်လာလျက် ကားကိုတစ်နေရာတွင် ထိုးရပ်လိုက်၏။

"ဘာဖြစ်လို့ကားရပ်လိုက်တာလဲ ဦးယံ"

"မင်းသီချင်းဆက်မဆိုပါနဲ့လား၊ကိုယ်မကြားချင်ဘူး"

"ရှင်"

သူမအံ့ဩနားမလည်နိုင်ဘဲ ဖြစ်သွား၏။

"ဘာဖြစ်လို့လဲ ဦးယံ၊ မိုးသောက်ဦးရဲ့ သီချင်းတွေကို မကြိုက်လို့လား"

"သူ့သီချင်းကို မင်းမဆိုပါနဲ့၊ ကိုယ်မကြိုက်ဘူး"

နီရဲတင်းမာနေသည့် သူ့မျက်ဝန်းများကို သူမထိတ်လန့်သွားမိ၏။သူဘာဖြစ်သွားသလဲဆိုတာ သူမလိုက်မမီပါ။

"ပြောတာ နားလည်လား... တိမ်းဆိုတဲ့ မိန်းကလေး၊ ကျုပ်စကားကို မင်းနားမထောင်ရင် ကျုပ်ကားနဲ့ မင်းကိုလိုက်ခွင့်မပြုနိုင်တော့ဘူး"

မာကျောပြတ်သားနေသည့် သူ့အသံကြောင့် သူမ ဝမ်းနည်း ငိုချင်သွားမိသည်။

"မဆိုနဲ့ဆို မဆိုတော့ပါဘူး၊ တိမ်းကို အဲဒီလောက်ထိ မဟောက်ပါနဲ့"ပြောပြီး မျက်ရည်ဝဲနေသည့် သူမကိုကြည့်ပြီး သူ စိတ်မကောင်းဖြစ်သွားမိ၏။

သူလွန်သွားပြီထင်သည်။ မိုး၏သီချင်းများကို ဘယ်သူ

ဆိုတာမှ သူမကြားချင်၊မိုးကိုယ်တိုင် ဆိုသည့်အခွေကိုပင် ဖွင့်ပြီး နားမထောင်ဖြစ်ခဲ့တာ အတော်ကြာပြီ။ရင်ထဲမှ ဒဏ်ရာဟောင်းများ အုံကြွလာတတ်သောကြောင့်ပင်။

လမ်းတစ်လျှောက်လုံး စကားမပြောတော့ဘဲ သူမစိတ်ကောက်ပြီး သူ့ကိုမျက်နှာလွှဲထားသောကြောင့် သူတစ်နေရာတွင် ကားကိုရပ်လိုက်ပြီး အအေးဘူးများဆင်းဝယ်ကာ အအေးဘူးတစ်ဘူး သူမကိုလှမ်းပေးလိုက်သည်။

"မသောက်ချင်ဘူး"

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲ၊ မသောက်ချင်တာ မသောက်ချင်လို့ပဲပေါ့"ဟု သူမကအရွဲ့တိုက်ပြီး ဖြေသည်။

"မင်းကိုယ့်ကို စိတ်ဆိုးသွားတာလား"

"ဆိုးတယ်၊ ကျွန်မကို သီချင်းမဆိုရဘူးလို့ပြောတဲ့ လူတိုင်းကို စိတ်ဆိုးတယ်ရှင့် သိရဲ့လား"

"မင်းက ဂီတကို တော်တော်ရူးသွပ်ပုံရတယ်"

"ဟုတ်တယ် ၊ တိမ်းက ဂီတကိုသိပ်မြတ်နိုးတာ၊ ပြီးတော့နာမည်ကြီး အဆိုတော်တစ်ယောက် သိပ်ဖြစ်ချင်တာ၊

ဒါပေမယ့် စီးရီး(စ်)ထုတ်ပေးမယ့်သူ တစ်ယောက်မှ မရှိဘူး”

“ကိုယ့်ဘာသာကိုယ်ထုတ်ပေါ့”

ကားဆက်မောင်းလာရင်း စကားပြောနေကြခြင်းပါ။

“ထုတ်နိုင်ပါလိမ့်တယ် အားကြီး၊မိသားစုငါးယောက် စားဖို့သောက်ဖို့တောင် အနိုင်နိုင်ရှာဖွေနေရတဲ့ဥစ္စာ”ဟု သူမကပြောတော့ သူစိတ်မကောင်းဖြစ်သွားမိသည်။

“ဟိုတစ်လောတုန်းက ပရိုဂျူဆာ တစ်ယောက်က တိမ်းကို စီးရီး(စ်)ထုတ်ပေးမယ်လို့ပြောခဲ့တယ်၊မိုးသောက်ဦး အောင်မြင်ခဲ့တဲ့သီချင်းတွေ စုပေါင်းပြီး စီးရီး(စ်)ထုတ်ပေးမယ်တဲ့၊ တကယ်ထင်လို့ အဲဒီနေ့က သူချိန်းတဲ့ dinner ကိုလဲသွားရော မိုးသောက်ဦးသီချင်း တွေကို မူပိုင်ယူထားတဲ့ ပရိုဂျူဆာကြီးက ပေးမဆိုနိုင်ဘူးဆိုပြီးထပြန်သွားခဲ့တယ်တဲ့”

တိမ်းကိုထုတ်ပေးမယ်ဆိုတဲ့လူကလဲ သီချင်းအသစ်တွေနဲ့အောင်မြင်မယ် မအောင်မြင်ဘူးမသိဘဲ ထုတ်မပေးနိုင်ဘူးတဲ့၊ အဲဒီနေ့က တိမ်းရှုးမတတ်ခံစားခဲ့ရတယ်၊တိမ်းက မျှော်လင့်ချက်တွေတနင့်တပိုးနဲ့ သွားခဲ့ရတာ၊ ဟိုလဲရောက်ရော… မျှော်လင့်ချက်တွေ တစ်စစီပြိုလဲသွားတော့တာပဲ… တိမ်းကိုက

ကံမကောင်းတာပါ"

ပြောရင်း သူမမျက်ဝန်းထဲ မျက်ရည်များပြည့်လျှံလာတာ တွေ့ရလျှင် သူ့ရင်ထဲအတော်လေး ထိခိုက်သွားမိသည်။

မင်းရဲ့မျှော်လင့်ချက်တွေကို ရိုက်ချိုးဖျက်ဆီးပစ်ခဲ့တဲ့သူဟာ ကိုယ်ပဲဆိုတာ မင်းသိခဲ့ရင် ကိုယ့်ကိုဘယ်လောက်များ နာကြည်း မုန်းတီးလိမ့်မလဲ...

သူ့ရင်ထဲ ရုတ်တရက်ဆိုသလို သနားကရုဏာစိတ်လေးဝင်ရောက်လာပြီး နှစ်ပေါင်းများစွာက တင်းထားခဲ့သောစိတ်သည် အနည်းငယ်လျော့ပါးသွားတော့၏။

"ကိုယ့်ကို မိုးသောက်ဦးရဲ့ သီချင်းလေးတစ်ပုဒ်လောက်ပြန်ဆိုပြပါလား"ဟု သူကပြောလိုက်လျှင် သူမအံ့ဩမယုံနိုင်ဘဲဖြစ်နေ၏။

"ဦးယံ ဘာပြောလိုက်တာလဲဟင်" ဟုမေးလေသည်။

"ကိုယ့်ကို သီချင်းဆိုပြဖို့ပြောနေတာလေ"

"တကယ်ပြောနေတာလား ဦးယံ၊ တိမ်းမယုံနိုင်ဘူး"

"တကယ်ပါ... မင်းသီချင်းဆိုတာ ကိုယ်နားထောင်ကြည့်ချင်လို့" ဟုသူကပြောတော့ သူမကကျေနပ်စွာပြုံးလိုက်

ဦးလျှင် မိုးသောက်ဦး၏ သီချင်းတစ်ပုဒ်ကို စတင်သီဆိုလေသည်။

သူမအသံမှာ လေပြေလေညှင်းလေးတစ်ခုလို ယိမ်းနွဲ့လှပကာ သူ့ရင်ထဲအထိ စီးဝင်လာလေသည်။ မိုးအသံနှင့် ခွဲမရအောင် တူလွန်းလှသောကြောင့် မိုးပြန်လည်ရှင်သန်လာသလားလို့တောင် ထင်ရ၏။

ဘယ်သူ့ကိုမှဆိုခွင့်မပြုတော့ဘူး ဟုဆုံးဖြတ်ထားခဲ့သော သူ၏ခိုင်မာသည့် ဆုံးဖြတ်ချက်ကို သူမ၏ဖမ်းစားနိုင်လှသော အသံစွမ်းရည်ကြောင့် စွန့်လွှတ်ရတော့မည် ထင်သည်။

မော်လမြိုင်သို့ရောက်လာသောအခါ သူမ၏ Visiting card လေးသူ့ကိုပေးပြီး ကားပေါ်မှဆင်းသွားသည်။သူမပေးသွားသော ကတ်ဒ်ကလေးကို သူဖတ်ကြည့်လိုက်၏။

**ယိမ်းနွဲ့တိမ်း**

.... .... ....

.... .... ....

**ဘရဏီစာပေ**

သူမနှင့်ပတ်သက်သည့် ကာရံလေးတစ်ခု သူ့ရင်ထဲ မကျန်ခဲ့ပါစေနဲ့ ဟုဆုတောင်းနေမိသော်လည်း ... "ဦးယံ... တိမ်းဆီ ဖုန်းဆက်လိုက်နော်" ဟု ပြောသွားသော သူမ၏ အသံလေးမှာ သူ့နားထဲ စွဲကျန်ရစ်ခဲ့လေသည်။

ஓ ஓ ஓ

# အခန်း (၇)

ရန်ကုန်သို့ ပြန်ရောက်သည်နှင့် တိမ်းအတွက် အရေးကြီးဆုံးအလုပ်မှာ သူ့ထံမှ ဖုန်းစောင့်နေမိခြင်းပင်။ သူမလိပ်စာကတ်လေးကို သူ့ထံတွင် ပေးထားခဲ့သည်မို့ တစ်နေ့နေ့မှာတော့ သူမထံသူဆက်သွယ်လိမ့်မည်ဟု အပြင်းအထန်မျှော်လင့်နေမိ၏။

စက်စဲကမ်းခြေတွင် သူနှင့် ဆုံတွေ့ခဲ့ပြီးနောက်... သူမ၏ရိုးရိုးစင်းစင်းဘဝလေး ပြောင်းလဲသွားခဲ့တာ သေချာ

လေသည်။ ဘာပဲလုပ်လုပ်၊ ဘယ်နေရာပဲသွားသွား သူ့အကြောင်း ခေါင်းထဲအမြဲကပ်ပါလာခဲ့ပြီး 'သူနှင့်ပြန်လည်ဆုံတွေ့ခွင့်ရလျှင်'ဆိုသော မျှော်လင့်ချက်လေးဖြင့် နေ့ရက်တို့ ကုန်ဆုံးခဲ့လေသည်။

အချစ်ဆိုသောအရာသည် သူမနှလုံးသားထဲ တကယ်ပင် ရောက်ရှိလာခဲ့ပြီ။ တကယ်တော့ အချစ်သည် အချိန်ကာလ အပိုင်းအခြားနှင့် မသက်ဆိုင်ချေ။

သူမ ညစဉ်သီဆိုနေသော သီချင်းတို့သည် သူ့ကြောင့်ပို၍ အဓိပ္ပာယ်ပြည့်စုံလာခဲ့သည်။

ထူးဆန်းအံ့ဩစရာကောင်းသည်မှာ သူမအလွန်မျှော်လင့်နေမိသည့် သူ့ထံမှ ဖုန်းဆက်ခြင်းမရှိခဲ့ဘဲ သူမသီချင်းသီဆိုရာ "Two Hearts" ဆိုသော စားသောက်ဆိုင်ရှိရာသို့ သူ မမျှော်လင့်ဘဲ ရောက်ရှိလာခဲ့ခြင်းပင်။

သူမသည် စင်ပေါ်မှာ သီချင်းဆိုနေရင်း သူတို့အုပ်စုဝင်လာတာ မြင်လိုက်ရလျှင် ရင်ထဲအထိ လှိုက်လှဲတုန်ယင်သွားကာ သီချင်းစာသားတွေပင် မှားသွားချင်မိသည်။

သူက သူ့မိတ်ဆွေ လူကြီးလူကောင်းများနှင့် စားပွဲဝိုင်းတစ်ခုတွင်ဝိုင်းဖွဲ့ကာ စကားပြောနေ၏။သူမကို သတိမထားမိသေးပေ။ ခဏကြာတော့ သူမက 'အလွမ်းများငြိမ်းစေသတည်း'သီချင်းကို စတင်သီဆိုလိုက်လျှင် သူ့မျက်ဝန်းများသည် သူမထံ ဖျတ်ခနဲရောက်လာကာ အတော်အံ့သြသွားပုံရလေသည်။

သူမက သီချင်းသီဆိုရင်း သူ့ကိုပြုံးပြလိုက်လျှင်... သူ့မျက်နှာမှာ ဣန္ဒြေဆည်ထားလျက် သူမကိုပြုံးတယ်ဆိုရုံသာပြုံးပြပြီး မျက်နှာလွှဲသွားသည်မို့ သူမရင်ထဲဝမ်းနည်းသွားမိသည်။

သူမအလှည့်ပြီးတော့ စင်ပေါ်ကဆင်းလာခဲ့ပြီး... သူထံလျှောက်သွားမည်ပြုပြီးမှ မသွားဖြစ်တော့။သူမကို ဥပေက္ခာပြုထားရက်သော သူ့ကို နာကြည်းနေမိ၏။

သူမမှာတော့ သူနဲ့ပြန်လည်ဆုံတွေ့ဖို့၊ သူနဲ့ဖုန်းဖြင့်စကားပြောခွင့်ရဖို့ ရက်ပေါင်းများစွာ စောင့်မျှော်ခဲ့ရတာ ဒီနေ့ဆိုလျှင် တစ်လနှင့်ဆယ့်သုံးရက်ရှိခဲ့ပြီ။ သူကတော့

သူမကို ပြန်တွေ့တာတောင် နှုတ်မဆက်ဘဲ မသိချင်ယောင်ဆောင်နေနိုင်သူပင်။

သူမအလုပ်ချိန်ပြီးပြီမို့ အိမ်ပြန်ရန် လှေကားထစ်လေးတွေအတိုင်း ဆင်းလာခဲ့စဉ်... နောက်မှခြေသံသဲ့သဲ့ကိုကြားလိုက်ရ၏။ သူမလှည့်ကြည့်လိုက်တော့...

"ပြန်တော့မလို့လား ယိမ်းနွဲ့တိမ်း"

သူမရှေ့တွင် ရပ်ကာ ဦးမိုးယံထက်က မေးလိုက်သည်။

"ဟုတ်"

"ကိုယ် စကားပြောနေတာနဲ့ မင်းအလှည့်ပြီးသွားမှန်းမသိလိုက်ဘူး၊ မင်းက ဒီဆိုင်မှာ သီချင်းဆိုတာပေါ့ ဟုတ်လား"

"ဟုတ်ပါတယ်" ဟု ပြောပြီး သူ့ကိုစိတ်ဆိုးဆိုးဖြင့်လှည့်ထွက်မည်ပြုတော့... သူက တားဆီးလိုက်၏။

"ခဏနေပါဦး တိမ်း၊ မင်းကို ကိုယ်စကားနည်းနည်းပြောချင်တယ်" ဟု ပြောလျှင် သူမ ရင်ခုန်သွားမိလေသည်။

"မင်းဘယ်ကိုပြန်မှာလဲ၊ ကိုယ်လိုက်ပို့ပေးပါရစေ"

ဘရဏီစာပေ

"ရပါတယ်၊ ကျွန်မဘာသာပြန်နေကျပါ၊ တိမ်းကို ဘာများ ပြောချင်လို့လဲ ဦးယံ"

သူက တစ်ချက်စဉ်းစားနေပြီးမှ...

"မင်းကို ကိုယ်... စီးရီး(စ်) ထုတ်ပေးချင်လို့ပါ"

"ဟင်... တကယ်လား ဦးယံ"

သူမရင်ထဲ လှုပ်ရှားပျော်ရွှင်သွားသည်မှာ တိုင်းတာ၍ မရနိုင်ပေ။ သူမမျက်လုံးလေး ဝင်းလက်ပြီး ပျော်ရွှင်သွားသည့်ပုံကို ကြည့်ပြီး သူပြုံးလိုက်၏။

"တကယ်ပါ တိမ်း၊ ကိုယ်မင်းအသံကို သိပ်သဘောကျတယ်၊ ကိုယ်မင်းကို ပြောပြစရာတွေရှိတယ်၊ မင်းကိုကိုယ် လိုက်ပို့ပေးမယ်"

"ဒါဆို ရှင့်မိတ်ဆွေတွေကော... ဘယ်လိုလုပ်မလဲ"

"သူ့တို့ကို ကိုယ်တစ်ခါတည်းပြန်ဖို့ နှုတ်ဆက်ပြီးမှ ထလာခဲ့တာ"

သူမ မငြင်းဖြစ်တော့ဘဲ သူ၏ Harrier ကားကြီးနှင့် လိုက် လာခဲ့မိသည်။ သူ့သိက္ခာကို သူမ ယုံကြည်၍လည်း

ဖြစ်သည်။

"မင်းကို ကိုယ်ဘာကြောင့် စီးရီး(စ်)ထုတ်ပေးချင်တာလဲ ဆိုတာ မင်း မသိချင်ဘူးလား"

"အို… သိချင်တာပေါ့၊ အဆိုတော်ဖြစ်ဖို့ တိမ်း ဘယ်လောက် ထိရှုးသွပ်ခဲ့ရသလဲ၊ အခု ဦးယံက တိမ်းကို စီးရီး(စ်)ထုတ်ပေးပြီး အဆိုတော် ဖြစ်ခွင့်ပေးမယ်ဆိုတော့ အဲဒီအကြောင်းရင်းကို သိပ်သိချင်တာပေါ့"

"မင်းရဲ့ အသံက… မိုးသောက်ဦးနဲ့ သိပ်တူနေလို့ပဲ"

သူ့စကားကြောင့် သူမ အလွန်အံ့ဩသွားမိ၏။ မထင် မှတ်ထားသော စကားတစ်ခွန်းပါပဲ။

"မိုးသောက်ဦးရဲ့အသံနဲ့ တိမ်းအသံက သိပ်တူနေလို့ ဟုတ်လား ဦးယံ၊ ဪ… သိပြီ၊အရမ်းအောင်မြင်ကျော်ကြား ခဲ့တဲ့ မိုးသောက်ဦးအသံနဲ့တူနေတော့ တိမ်းလဲအောင်မြင်နိုင် တယ်လို့ ယူဆထားတာလား"

"အင်း… အဲဒါကလဲ တစ်ကြောင်းပေါ့၊ ဒါပေမယ့် အဓိက အကြောင်းရင်းကတော့ အဲဒါမဟုတ်ဘူး"

သူ ဘာဆက်ပြောမလဲဆိုတာ သူမ စိတ်ဝင်းစားစွာဖြင့် မျက်တောင်ပင်မခတ်မိ၊ သူ့မျက်နှာကို ငေးကြည့်နေမိသည်။

"တစ်ခါတုန်းက မင်းမျှော်လင့်ချက်တွေကို ပျက်သုဉ်းအောင် ပြုလုပ်ခဲ့တဲ့ ပရိဂျူဆာတစ်ယောက်ကို မင်းမှတ်မိသလား"

"မှတ်မိတာပေါ့၊ တိမ်းက အဆိုတော်ဖြစ်ခွင့် စီးရီး(စ်) ထုတ်ခွင့်ရမယ်ဆိုပြီး မျှော်လင့်ချက်တွေကို အရှိန်တက်နေတုန်း သူက အပေါ်ကနေစီးပြီး မျှော်လင့်ချက်တွေ ရိုက်ချိုးဖျက်ဆီးပစ်ခဲ့တာပဲ၊သူ့ကို တိမ်း ဘယ်မေ့ပါ့မလဲ"ဟု သူမက ပြောလျှင် သူ့မျက်ဝန်းတွေ အရောင်တစ်မျိုး ပြောင်းလဲသွားတာ တွေ့ရ၏။

သို့သော် ထိုအဓိပ္ပာယ်ကို သူမ နားမလည်နိုင်ပေ။

"အဲဒီလူဟာ... ကိုယ်ပဲဆိုရင်ကော..."

"ရှင်"

သူမရင်ထဲ ထိန်းသိမ်းမရလောက်အောင် တုန်ယင်လှုပ်ခတ်သွားလေသည်။ သူမမျှော်လင့်ချက်တွေကို ဖျက်ဆီး

ပစ်ခဲ့တာ သူ ဆိုပါလား... သူမ မယုံနိုင်။

"တိမ်းကို မိုးသောက်ဦးရဲ့သီချင်းတွေ ဆိုခွင့်မပြုခဲ့တဲ့ လူဟာ ကိုယ်ပဲတိမ်း၊ အံ့ဩနေသလား"

"တိမ်း... တိမ်း အရမ်းအံ့ဩမိတယ်၊ အဲဒီတုန်းက သူ့ကို တိမ်း သေချာမြင်တွေ့ခွင့် မရလိုက်ဘူး၊ တိမ်းလဲ သူတို့ရှိတဲ့စားပွဲကို လျှောက်သွားရော... ကမန်းကတမ်း ကျောခိုင်းပြီး ထွက်ပြေးသွားတဲ့ လူတစ်ယောက်ရဲ့ကျောပြင် ကိုပဲမြင်လိုက်ရတယ်၊ တိမ်းကို စီးရီး(စ်) ထုတ်ပေးမယ်ဆိုတဲ့ ဦးလင်းနိုင်က မထုတ်ပေးတော့ဘူးလဲပြောရော တိမ်းအရမ်း ဝမ်းနည်းသွားတာ၊ဣန္ဒြေတောင် မဆောင်နိုင်ဘူး...

တိမ်းရဲ့ မျှော်လင့်ချက်ကို ရိုက်ချိုးပစ်ခဲ့တဲ့ အဲဒီ လူကို သိပ်မုန်းခဲ့မိတယ်၊ ပြီးတော့ သူ့မျက်နှာကို မမြင်လိုက်ရတဲ့ အတွက် ဒေါသလဲဖြစ်မိတယ်၊ စီးရီး(စ်)ထုတ်မယ့်အကြောင်း တိမ်းမိဘအသိုင်းအဝိုင်း ပတ်ဝန်းကျင်အားလုံးက သိနေခဲ့တာ ဆိုတော့ တိမ်း အရှက်ရခဲ့တာပေါ့၊ တိမ်းအရမ်းကို ရင်ကွဲခဲ့ရတာ"

သူမက ရင်ထဲမှခံစားချက်ကို အမှန်အတိုင်း ရင်ဖွင့်နေသည်ကို... သူက နားလည်ပေးနိုင်သော မျက်ဝန်းများနှင့် ငြိမ်သက်စွာ နားထောင်နေလေသည်။ ပြီးမှ...

"ကိုယ့်ကို သိပ်မုန်းခဲ့မှာပဲနော်၊ မင်းခံစားချက်ကို ကိုယ်မငဲ့ကွက်မိဘူး၊ကိုယ်လဲကိုယ့်ခံစားချက်နဲ့ ကိုယ်ငြင်းပစ်ခဲ့မိတာ"

"အဲဒီတုန်းက အမှန်အတိုင်းပြောရရင် ရှင့်ကို သိပ်မုန်းခဲ့မိတယ်၊တကယ်လို့များ တိမ်းသာတစ်နေ့မှာ နာမည်ကြီးအဆိုတော်တစ်ယောက် ဖြစ်လာခဲ့မယ်ဆိုရင် အဲဒီလူကို ကလဲ့စားချေဖို့အထိတောင် စိတ်ကူးထားခဲ့တာ၊ ဘာဖြစ်လို့လဲဆိုတော့ တိမ်းစီးရီး(စ်) မထုတ်ဖြစ်ဘူးလဲဆိုရော... စားသောက်ဆိုင်က တိမ်းရဲ့ပြိုင်ဘက် တွေအားလုံးက တိမ်းကို လှောင်ပြောင်ကြတော့တာပဲ...

လေနဲ့တင်မြောက်နေလိုက်တာ၊ ကျတော့လဲ ဝုန်းခနဲ ရှုမလှပဲလို့ပြောခဲ့ကြတာ၊ တိမ်းမျက်နှာတောင် ဘယ်လို ထားရမှန်းမသိခဲ့ဘူး"

"စိတ်မကောင်းပါဘူးကွာ၊ကိုယ့်ကြောင့် လူတစ်ယောက် ဒီလောက်ခံစားရလိမ့်မယ်လို့ ကိုယ်မထင်ခဲ့မိဘူး၊ အခု ကော... ကိုယ့်ကို လက်စားချေချင်သေးလား တိမ်း"ဟုသူက သူမမျက်ဝန်းတွေထဲ စိုက်ကြည့်ပြီးမေးလိုက်လျှင်... သူမက သူ့ရဲ့ဖွဲ့မက်ဖွယ်မျက်ဝန်းများကို နူးညံ့မက်မောစွာ ပြန်လည် ကြည့်လိုက်ရင်း...

"ဟင့်အင်း၊အခု ဦးယံက တိမ်းရဲ့ ပရိဂျူဆာ ဖြစ်တော့ မှာပဲ၊ တိမ်းသိပ်ဖြစ်ချင်တဲ့ အိပ်မက်တစ်ခုကို မက်ခွင့်ပေး တော့မယ့်သူပဲ၊ ဘယ်လက်စားချေချင်ပါတော့မလဲ"

"ဒါဆိုလဲ ကောင်းပြီလေ၊ကိုယ့်တို့ စီးရီး(စ်)ထုတ်ဖို့ စီစဉ်ကြတာပေါ့"

သူက စီးရီး(စ်) တစ်ခွေလုပ်ရန် အစီအစဉ်ကို အကြမ်းဖျင်း ပြောပြသည်။ စကားတပြောပြောနှင့် တိမ်းတို့ ကန်ထရိုက်တိုက်ခန်းလေးရှိရာသို့ ရောက်လာခဲ့လေသည်။ တိမ်းက ကားပေါ်မှဆင်းလိုက်ပြီး သူ့ကို နှုတ်ဆက် လိုက်၏။

ဘရဏီစာပေ

"ကျေးဇူးတင်ပါတယ် ဦးယံ၊လိုက်ပို့ပေးတဲ့အတွက်ကော ... အားလုံးအတွက်ပါ"

"အိုကေ"

သူ့ကားကြီး မောင်းထွက်သွားတာကို မျက်စိတစ်ဆုံး ငေးကြည့်ရင်း သူမကျန်ရစ်ခဲ့သည်။ ရင်ထဲတွင် တသိမ့်သိမ့် လှုပ်ရှားတုန်ယင်နေဆဲ။

ပျော်ရွှင်မှုများစွာသည် သူမရင်ထဲတိုးဝင် လာခဲ့ပြီး ထိုညက ပျော်ရွှင်မှုဖြင့်ပင် ဖုံးလွှမ်းကာ အိပ်မရခဲ့ပေ။

☆☆♡♡♡♡♡♡☆☆



ဘရဏီစာပေ

# အခန်း (၈)

နောက်ရက်များတွင် သူက တိမ်းထံ ဖုန်းဆက်ကာ အလုပ်ကိစ္စများ ပြောပြသည်။ သီချင်းတိုက်ရန် သူ့စတူဒီယို ရှိရာသို့ အခေါ်လွှတ်လိုက်သည်။

သူလွှတ်ပေးလိုက်သောကားဖြင့် သူ့စတူဒီယိုလေးရှိရာ သူမ ရောက်လာခဲ့သည်။ သူက အသင့်စောင့်လျက် ရှိနေသည်။

သူပိုင်ဆိုင်သော Heart field စတူဒီယိုလေးမှာ အသင့်အတင့်ကျယ်ဝန်းသော ခြံကလေးအတွင်းရှိ တစ်ထပ်

တိုက်ပုလေးအတွင်း ပြုလုပ်ထားခြင်း ဖြစ်သည်။ စတူဒီယို အတွင်း ဝင်လိုက်သည်နှင့် အဲကွန်းလွှတ်ထားသောကြောင့် အေးစိမ့်စိမ့်အရသာကို ခံစားလိုက်ရသည်။

သူက သူမကို သီချင်းစာသား Notes များ ထုတ်ပြပြီး သူလိုချင်သည့် ပုံစံကို ပြောပြသည်။ ပြီးတော့ သူမ သီချင်း နားထောင်ပြီး အဆိုကျင့်ရန် မိုးသောက်ဦး၏ စီးရီး(စ်) ခွေလေးကို ပေးသည်။

သူ့မျက်နှာမှာ သူမနားလည်နိုင်ရန် ခက်ခဲသော ခံစားမှုတစ်မျိုးလွှမ်းခြုံနေတာကို သူမသိသည်။ သူမရင်ထဲမှာ တော့... စတူဒီယိုလေးထဲ (နှလုံးသားလွင်ပြင်)ကြီးထဲ ရောက်နေသလို ပျော်ရွှင်ရင်ခုန်နေမိ၏။

"တေးရေးဆရာ ထက်ဆိုတာ ဘယ်သူလဲဟင်၊ တိမ်းနဲ့ သူ့ကို တွေ့ပေးပါလား" ဟု သူမမေးလိုက်လျှင် သူက ပြုံးနေ၏။

"ဒီတစ်ခွေလုံး သူပဲရေးထားတာဆိုတော့ တိမ်း သူနဲ့ ညှိချင်တာလေးတွေရှိတယ် ဦးယံရဲ့"

" ထက်ဆိုတာ ဘယ်သူလို့ တိမ်းကထင်လို့လဲ၊ ထက်ဆိုတာ ကိုယ်ပဲလေ" ဟုသူကပြောလျှင် သူမ အလွန်အံ့အားသင့်သွားမိ၏။

"ဟင်... တကယ်ပြောတာလား၊ ဦးယံက တိမ်းကို အံ့ဩစရာတွေချည်းပဲ ဖြစ်အောင်လုပ်နေတယ်၊ မိုးသောက်ဦး ရဲ့စီးရီး(စ်)ကို ဦးယံက မူပိုင်ယူထားတယ်ဆိုတာသိပေမယ့် တေးရေး'ထက်'ဆိုတာ ဦးယံမှန်းမသိခဲ့ဘူး၊ ဒါနဲ့မသိလို့ မေးရဦးမယ်၊ အဆိုတော်မိုးသောက်ဦးက ဘာဖြစ်လို့ ဆုံး သွားခဲ့တာလဲဟင်"

သူမ စကားအသံအဆုံးမှာ သူ့မျက်လုံးတွေ နီရဲစူးရှ လျက် ဒေါသရိပ်တွေ ဖုံးလွှမ်းသွားတာကို အံ့ဩဖွယ်တွေ့မြင် လိုက်ရ၏။ သူသည် ဝုန်းခနဲထရပ်လိုက်ကာ...

"မင်းပြန်တော့ ယိမ်းနွဲ့တိမ်း" ဟု အသံမာမာဖြင့် ပြောလေသည်။

ရုတ်တရက်မို့ သူ့ကို သူမဘယ်လိုမှ နားမလည်နိုင် ဘဲ... ထိတ်လန့် တုန်လှုပ်သွားမိ၏။

**ဘရဏီစာပေ**

"ဘာ... ဘာဖြစ်လို့လဲ ဦးယံ"

"နောက်နေ့မှ မင်းကိုကြိုဖို့ကားလွှတ်လိုက်မယ်၊ အခု မင်းပြန်တော့"ဟုပြောပြီးလျှင် သူသည် ကြမ်းတမ်းသော ခြေလှမ်းများဖြင့် စတူဒီယို အခန်းလေးတစ်ခန်းထဲ ဝင်သွားကာ... တံခါးကို ဂျိမ်းခနဲမြည်အောင် ဆောင့်ပိတ်ပစ်လိုက်၏။

ဒီလောက် ပြင်းထန်ပေါက်ကွဲပြီး သူမမျက်နှာကို မကြည့်ချင်လောက်အောင်ဖြစ်သွားသော သူ့မျက်နှာကို သူမ ပထမဦးဆုံးအကြိမ် မြင်ဖူးခဲ့ရခြင်းပါ။

သူမရင်ထဲ ဝမ်းနည်းထိတ်လန့်သွားမိပြီး ဘာမှနားမလည်နိုင်ဘဲ ဆို့နစ်စွာဖြင့် အိမ်ပြန်လာခဲ့ရလေသည်။ သူဘာဖြစ်သွားသလဲဆိုတာ ဘယ်လိုမှ တွေးမရချေ။

အေးဆေးတည်ငြိမ်သော သူ့ကို ဒီလောက်အကြောင်းမဲ့ ဒေါသထွက် ပေါက်ကွဲတတ်လိမ့်မည်ဟု သူမ ထင်မထားခဲ့မိ။

နောက်ရက်များတွင် စတူဒီယို၌ သူ့ကို မတွေ့ရပေ။

ဘုရားဘောစာပေ

သူမ ဘာသာ တီးဝိုင်းဆရာများနှင့်ပင် သီချင်းတိုက်နေလေရသည်။

သူမ နားမလည်နိုင်ခဲ့သော အဖြေကို... တစ်နေ့တွင် သူမ အမှတ်မထင် သိခွင့်ရခဲ့၏။ ထိုနေ့က သူမ စတူဒီယို ခန်းထဲ ဝင်အလာ keyboard ဆရာနှင့် ဒရမ်မာတို့ နှစ်ယောက်ပြောနေသံကို ကြားလိုက်ရခြင်းပင်။

"ငါ တကယ်အံ့သြမိတယ်၊ ကိုထက်က မိုးရဲ့သီချင်း တွေကို ဘယ်သူ့ကိုမှ ပေးမဆိုဘူးဆိုပြီး တင်းခံထားခဲ့တာ၊ အခု ယိမ်းနွဲ့တိမ်းနဲ့ကျမှ သူ့ဆုံးဖြတ်ချက်ကို စွန့်လွှတ်ခဲ့တာ"

"ငါလဲအံ့သြတာပဲ၊ ဒါပေမယ့် ယိမ်းနွဲ့တိမ်းက မိုးနဲ့ အသံချင်းခွဲမရအောင် တူနေတာကိုးကွ"

"မိုးဆုံးခါစက ကိုထက်ပုံစံကို ပြန်တွေးကြည့်ရင် ငါတို့တောင် ဝမ်းနည်းထိခိုက်မိတယ်"

"ဟုတ်တယ်ကွာ... သူ့တို့အဖြစ်က လက်ထပ်တဲ့နေ့မှ မိုးက ဆုံးသွားတာဆိုတော့ ကိုထက် အရူးတစ်ပိုင်း ဖြစ်သွား

ခဲ့ရတာ၊ သူတို့နှစ်ယောက်အဖြစ်ကို လူတိုင်းတုန်လှုပ် ခဲ့ကြတယ်"

"ကိုထက်က မိုးကိုအရမ်းချစ်တာ ငါတို့အသိပဲလေ၊ ပြုံးပြုံးရွှင်ရွှင်မျက်နှာလေးနဲ့ မိုးကို နေ့စဉ်မြင်တွေ့နေရာက ဖြုန်းခနဲ ငါတို့မျက်စိရှေ့က မိုးလဲပျောက်သွားရော ငါတို့ တောင် နေလို့ထိုင်လို့ မရခဲ့ဘူးမဟုတ်လား၊ ကိုထက် ရင်ထဲမှာတော့ ဗလောင်ဆူနေမှာပဲ"

"အခု တိမ်းအသံကို ကြားရရင် မိုးပြန်ရှင်လာသလို ပဲနော်၊ ကိုထက်တော့ ဘယ်လိုခံစားနေရမယ်မသိဘူး၊ ငါတောင် ရင်ထဲမှာ တစ်မျိုးပဲ"

"ဒါကြောင့်လဲ မိုးသီချင်းတွေကို ဘယ်သူ့မှပေးမဆိုဘဲ နှစ်ပေါင်း ဒီလောက်ကြာသွားခဲ့တာပေါ့"

သူတို့စကားများကို အမှတ်တမဲ့ ကြားလိုက်မိသော် လည်း သူမ တကယ်ပင် တုန်လှုပ်သွားခဲ့မိသည်။

သူသည် ကွဲကြေနေသော နှလုံးသားတစ်ခုနှင့် လူတစ် ယောက်ဆိုတာ သိခဲ့ပြီးဖြစ်သော်လည်း သေဆုံးသွားခဲ့သော

အဆိုတော်မိုးသောက်ဦးကို သူ၏ချစ်သူဟု ထင်မှတ်မထား ခဲ့မိပေ။

ဒါကြောင့် ဟိုတစ်နေ့က သူဒီလောက်ထိ ပေါက်ကွဲ သွားခဲ့တာကို... သူ့ချစ်သူအသံနဲ့တိမ်းအသံ ခွဲမရအောင်တူ နေတယ်ဆိုတော့ တိမ်းအသံကိုကြားရတိုင်း သူဘယ်လောက် ထိကြေကွဲ ခံစားနေရလိမ့်မလဲ...

တိမ်းရဲ့ပျော်ရွှင်မှုအတွက် ရှင့်ဒဏ်ရာဟောင်းတွေကို ပြန်ဆွပေးနေရသလို ဖြစ်နေမယ်ဆိုရင် တိမ်းတရားပါ့မလား ဦးယံရယ်...

သူမစတူဒီယိုလေးထဲဝင်လာတော့ သူတို့စကားမပြတ် ကြသေး။ သူမကိုမြင်တော့ စကားကို ချက်ချင်း ရပ်လိုက်ကြ လျှင် သူမက...

"တိမ်း တစ်ခုလောက်သိချင်တယ်၊ အဆိုတော် မိုးက ဘာဖြစ်လို့ ဆုံးသွားခဲ့တာလဲဟင်"

သူတို့က ပြန်မဖြေဘဲ တစ်ယောက်မျက်နှာ တစ် ယောက် ကြည့်လိုက်ကြပြီးမှ.... "ကားအက်(က)စီဒန့်နဲ့

ဆုံးသွားခဲ့တာပါ" ဟု စိတ်မကောင်းစွာ ပြောသည်။

"ဟုတ်လား"

"လက်ထပ်မယ့်နေ့မှာမှ ဆုံးသွားခဲ့တာ၊ သူတို့အဖြစ်က သိပ်သနားစရာကောင်းတယ် တိမ်း"

"တိမ်းလဲ ကြားရတာစိတ်မကောင်းပါဘူး"

"ကိုထက်ကို ဘယ်တော့မှ မိုးအကြောင်းသွားမမေးနဲ့နော်၊ မိုးနဲ့ပတ်သက်ရင် သူအရမ်းပေါက်ကွဲတတ်တယ်၊ သူ့မျက်စိရှေ့တင် မိုးဆုံးသွားခဲ့တာဆိုတော့ ခုချိန်ထိ သူ့ရင်ထဲမှာ အဲဒီဒဏ်ရာက မပျောက်သေးဘူး"

"တိမ်းနားလည်ပါတယ်၊ တိမ်းမသိခဲ့လို့ ဟိုတစ်နေ့က အဲဒီအကြောင်း သူ့ကိုမေးခဲ့မိတယ်"

"ဟင်... ဟုတ်လား"

"သူ အရမ်းကို ပေါက်ကွဲဒေါသထွက်သွားတာ၊ တိမ်းတကယ် မသိလို့ပါ၊ တိမ်းမှားသွားတယ်"

ဝမ်းနည်းကြေကွဲမှုသည် တိမ်းရင်ထဲသို့ ခိုဝင်ရောက်ရှိလာခဲ့၏။

**ဘရဏီစာပေ**

ဪ... သူတို့အဖြစ်က သနားစရာ ရင်နင့်စရာ ပါလား... အဲဒီတုန်းက သူတော်တော်ခံစားခဲ့ရရှာမှာပဲ... ဒါကြောင့် သူ့မျက်ဝန်းတွေ အမြဲလိုလို ရီဝေဆွေးမြေ့နေတာ ဖြစ်လိမ့်မယ်...

တိမ်းရင်ထဲတွင် ဝမ်းနည်း ထိခိုက်မိသည်မှအပ... သူ့နှလုံးသားမှာ အချစ်ဆုံးမိန်းမ တစ်ယောက်ရှိခဲ့ဖူးပါ လား... ဟု မနာလို ဝန်တိုမှုမျိုး မဖြစ်မိခဲ့ပါ။

သူ့ကို သိပ်ချစ်မိတာမှန်သည်။ သို့သော် သူ့အချစ်ဦး ဖြစ်ခွင့် မရခဲ့သည်ကို ဝမ်းမနည်းချင်တော့။ သူ့ရင်ထဲမှ ဝေဒနာတွေကို မျှဝေခံစားပေးလိုစိတ်များသာ သူမရင်မှာ ပြည့်နက်နေလေသည်။

⁂♡♡♡♡♡♡⁂

# အခန်း (၉)

နောက်ရက်များတွင် သူနှင့် ပြန်လည်ဆုံတွေ့ခဲ့ရ၏။ သူ့စိတ်တွေ ပြန်လည်တည်ငြိမ်သွားအောင် ကြိုးစားပြီးမှ သူမရှိရာလာခဲ့ခြင်း ဖြစ်လိမ့်မည်။

သူ့မျက်နှာမှာ အေးဆေးတည်ငြိမ်လျက် ဘာမှမဖြစ်ခဲ့သလို သူမကို ပြောဆို ဆက်ဆံခဲ့သည်။ သူမကတော့... သူမနား သူရှိမနေချိန်၊ သူတစ်ယောက်တည်း စာဖတ်နေသည့်အခါမျိုး၊ ငေးငိုင်နေသည့်အခါမျိုးမှာ ခပ်လှမ်းလှမ်းမှ သူ့ကို သနားဂရုဏာဖြစ်စွာ ငေးကြည့်မိလေသည်။

ဘရဏီစာပေ

**Jeans** အဖြူရောင်နှင့် စပို့ရှပ်ပွပွကို သူမဝတ်လာခဲ့သည့်နေ့က သူ့ရင်ထဲ အလွန်လှုပ်ရှားသွားမိလေသည်။ သူမ စတူဒီယိုထဲမှာ သီချင်းတိုက်နေတာကို တစ်နေရာမှ သူ မမိုတ်မသုန် စောင့်ကြည့်ရင်း... မိုးကို သတိရတမ်းတစိတ်တွေ ရင်နှင့်မဆန့်အောင် ပြည့်လျှံလာလေသည်။

Jeans နှင့် စပို့ရှပ်ပွပွလေးတွေ အမြဲလိုလို တွဲဝတ်တတ်သော မိုးပုံရိပ်လေးတွေကို ပြန်လည် မြင်ယောင်နေမိသည်။ ဘာကြောင့်များ သူမ ဝတ်ပုံစားပုံက မိုးနဲ့ ဒီလောက်တောင် ဆင်တူနေရတာလဲ၊ သီချင်းဆိုလေ့ကျင့်သည့်အခါတိုင်း မိုး ဒီလိုပုံစံလေးတွေ ဝတ်တတ်တာ သူ့အသည်းထဲ စွဲနေသည်။

တိမ်းနှင့်မိုး ရုပ်ချင်းမတူသော်လည်း ဝတ်ပုံစားပုံနှင့် အသံသည် ဘယ်လိုမှ ခွဲမရနိုင်ပေ။ ဘာကြောင့်မှန်းမသိ... တိမ်းကို မြင်တိုင်း အချစ်ဦးမိုးကို ပြင်းပြစွာ သတိရတမ်းတမိလေသည်။

ဒီလိုသာ တိမ်းနှင့် နေ့စဉ်ဆုံတွေ့နေရပါလျှင် မိုးကို

သတိရတမ်းတရင်း သူ ရှုးတော့မည်ထင်သည်။

မိုးသေဆုံးပြီးကတည်းက မိုးနှင့်အတူ သေဆုံးသွားခဲ့သော သူ့နှလုံးသားသည် 'တိမ်း' ဆိုသောသူမနှင့်တွေ့မှ ပြန်လည် လှုပ်ရှားသက်ဝင်လာခဲ့သည်မှာ အံ့ဩစရာပင်။

"ဦးယံ… ဘာတွေတွေးနေတာလဲ၊ ဦးယံနား တိမ်း ရောက်လာတာတောင် သိပုံမရဘူး"

တိမ်း၏အသံ စူးစူးလေးက သူ့ကို အတွေးမှ လှန့်နိုးလိုက်၏။ တိမ်းမျက်နှာလေးကို သူထိုင်နေရာမှ မော့ကြည့်လိုက်သည်။

"သီချင်းတစ်ပုဒ် အကြမ်းသွင်းပြီးသွားပြီ ဦးယံရဲ့၊ နားထောင် ကြည့်ပါဦး၊ ဘာလိုနေသလဲလို့" ဟု သူမက ပြောပြီး သီချင်းကို ဖွင့်လိုက်သည်။

သူက တိမ်းသီဆိုထားသည့် မိုး၏သီချင်းလေးကို အာရုံနှစ် ထည့်ပြီး နားထောင်လိုက်၏။ တိမ်းအသံမှာ မိုးနှင့်ခွဲမရအောင် တူရုံမျှမက… ရင်ထဲမှလာသော ခံစားချက်များ ပြင်းထန် လှိုက်လှဲနေသည်။

မိုးအတွက် သူ့ရင်ထဲမှ ခံစားချက်ပြင်းပြင်းနှင့် ရေးစပ်ပေးခဲ့သော ထိုသီချင်းလေးသည် တိမ်း၏ ဆွဲငင်ညှို့ယူနိုင်သော အသံကြောင့်ပို၍ ပြည့်စုံလာသလို ထင်ရသည်။ ပြီးတော့... တိမ်းအသံတွင် မမြင်နိုင်သော အင်အားတစ်ရပ်ပါလျက်ရှိ၏။

သီချင်းပြီးဆုံးသွားလျှင် သူက...

" သိပ်ကောင်းပါတယ် တိမ်း၊ အက်(ပ်)စိုလုတလီးပါဖက်(ထ်)"

"ကျေးဇူးတင်ပါတယ် ဦးယံ"

သူက သူမကို တစ်ချက်စူးစိုက်ကြည့်လိုက်ပြီး...

"ကျေးဇူးတင်စကားကလွဲလို့ တခြားစကား မပြောတတ်တော့ဘူးလား တိမ်း" ဟုမေးသည်။

"ဦးယံက တိမ်းကျေးဇူးရှင်ပဲ၊ ကျေးဇူးတင်ရမှာပေါ့၊ တိမ်းမိဘတွေကလဲ ဦးယံကို အရမ်းကျေးဇူးတင်နေကြတာ၊ တိမ်းအိပ်မက်တွေကို ဦးယံက အကောင်အထည်ဖော်ပေးခဲ့တဲ့အတွက် ဦးယံကို တိမ်းက ထာဝရ

ကျေးဇူးတင်နေမှာ"

"ဟိုတစ်လောက ကိစ္စအတွက် ကိုယ် စိတ်မကောင်းဘူး တိမ်း... တကယ်ပါ၊ ကိုယ်မင်းကို စိတ်လိုက်မာန်ပါ အော်လိုက်မိတယ်" ဟု သူကပြောလျှင် သူမက ခေါင်းခါယမ်းလိုက်ပြီး...

"တိမ်းမှားခဲ့တာပါ ဦးယံ၊ တကယ်ဆို အဲဒီအကြောင်းတွေကို တိမ်းမဆင်မခြင် မမေးသင့်ဘူး၊ တိမ်းလဲ အဲဒီကိစ္စအတွက် စိတ်မကောင်းပါဘူး"

သူမမျက်နှာကို ငေးစိုက်ကြည့်နေသော သူ့မျက်ဝန်းများ တဖြည်းဖြည်း နူးညံ့ရီဝေလာတာကို ထူးဆန်းစွာ တွေ့ရပြီးလျှင် သူက...

"တိမ်း အဲဒီအကြောင်းတွေသိချင်ရင် ကိုယ်ပြောပြမယ်လေ"

သူမက အံ့ဩထိတ်လန့်သွားကာ...

"အို... မသိချင်ပါဘူး၊ မပြောပါနဲ့၊ တိမ်း... မကြားရက်ပါဘူး"

ဘာပဲဖြစ်ဖြစ် အဲဒီအကြောင်းတွေ ပြန်ပြောပြီဆို ကတည်းက သူကြေကွဲဝမ်းနည်း ရလိမ့်ဦးမည်။ သူ့ကို နာကျင်ထိခိုက်စေတာမျိုး သူမ မဖြစ်စေချင်ပါ။

"ကိုယ်က ပြောပြချင်တယ်ဆိုရင်ကော..."

သူ့စကားကြောင့် သူမ ပို၍အံ့ဩသွားရလေသည်။

"ဘာကြောင့်မှန်းမသိဘူး၊ မင်းကို ကိုယ်ရင်ဖွင့်ချင်နေ တယ်၊ မင်း နားထောင်ပေးနိုင်မလား"

သူ့ကို ဘာပြန်ပြောရမှန်း မသိလောက်အောင်ပင် သူမ အံ့ဩမှင်သက်ပြီး ငေးကြည့်နေမိသည်။

သူက ကောဖီရှော့(ပ်)လေးတစ်ခုသို့ သူမကိုခေါ်သွားပြီး သူ့အကြောင်းတွေ စတင်ရင်ဖွင့်လေသည်။

"တကယ်တော့ ဒီအကြောင်းတွေကို ကိုယ် ဘယ်သူ့ ကိုမှ ပြောမပြဖြစ်တော့ဘူးလို့ ထင်ခဲ့မိတယ်၊ ဒါပေမယ့် တိမ်းကိုတော့ ကိုယ်ပြောပြချင်နေမိတယ်၊ ဘာကြောင့်မှန်း တော့ ကိုယ်မသိဘူး"

"ရှင် ရင်ဖွင့်ချင်နေတယ်ဆိုမှတော့ တိမ်းမငြင်းတော့

ပါဘူး၊ နားထောင်ပေးပါ့မယ် ဦးယံ”

သူ့မျက်ဝန်းများ ရီဝေဆွေးမြေ့လာပြီး... သူနှင့် မိုးသောက်ဦး တို့အကြောင်းကို စပြီး ပြောပြလေသည်။ ပြောနေရင်းဖြင့် သူ့မျက်နှာမှာ ခံစားမှုတွေ သိပ်သည်း ပြင်းထန်လာပြီး တစ်ချက် တစ်ချက် ပြုံတော့မည့်မိုးလို မည်းမှောင်လာလေသည်။

သူ့မျက်နှာကို ငေးကြည့်နားထောင်ရင်း ဝမ်းနည်းမှုတွေ သူမထံသို့ ကူးစက် ထိခိုက်လာခဲ့သည်။

♥ ♥ ♥

သူ၏ နာကျင်ကြေကွဲဖွယ် အလွမ်းဇာတ်လမ်းကို ကြားခဲ့ရပြီးနောက် သူ့ကို သူမသနားကရုဏာ ဖြစ်နေခဲ့မိတာ အမှန်ပါ။

သူ့စတူဒီယိုထဲတွင် သီချင်းဆို၊ သီချင်းတိုက်ရင်း ရက်ပေါင်းများစွာ သူနှင့်အတူ ကုန်ဆုံးလာခဲ့ကာ ရင်ထဲမှ အချစ်စိတ်သည်လည်း တစ်နေ့တခြား ပို၍ သိပ်သည်းနိုင်မာ လာခဲ့သည်။

စီးရီး(စ်)တစ်ခွေလုံး အစမှအဆုံး သူတစ်ယောက်တည်း စိတ်ရောကိုယ်ပါနှစ်ပြီး စေတနာများစွာဖြင့် သူမအတွက် သူကြိုးပမ်းနေလေသည်။

"မနက်ဖြန်ဆိုရင် ကြော်ငြာရိုက်ရမယ် တိမ်း၊ တိမ်းအတွက် အဝတ်အစား အပြင်အဆင်အားလုံး ကိုယ်စီစဉ်ပေးထားတဲ့ အတိုင်းလုပ်နော်"

သူက သူမစီးရီး(စ်)ကြော်ငြာတွင်ဝတ်ရန် အဝတ်အစားကစ သူ့စိတ်ကြိုက်ပုံစံ အပ်ခိုင်းသည်။ သူမ၏ စတိုင်လ်အားလုံးကို သူဖန်တီးပေးထားခဲ့ခြင်းပင်။

သူဦးဆောင်တာကို သူမဘာတစ်ခုမှမငြင်းမိ၊ အားလုံးခေါင်းညိတ်နားထောင်ခဲ့ပြီး သူဦးဆောင်တာကို ရင်ခုန်လှုပ်ရှားစွာဖြင့် ကျေနပ်နှစ်သက်မဆုံး ဖြစ်လျက်ရှိသည်။

သူက သူမစီးရီး(စ်)အတွက် လမ်းမဘေးတွင် wall poster ထောင်ဖို့အတွက်ပါ ဓာတ်ပုံရိုက်ခိုင်းခဲ့သည်။ သူလုပ်ပုံကိုင်ပုံ အားလုံး စည်းစနစ်ကျနကာ သေသပ်လှသည်။

မိုးသောက်ဦးတုန်းကလည်း သူဒီလိုပဲ ကြိုးစားပမ်းစား လုပ်ခဲ့မယ်ထင်ပါရဲ့... မိုးအစား တိမ်းကို သူပြန်လည် အသက်သွင်းနေခဲ့တာများလား....

ဘာပဲဖြစ်ဖြစ် သူ့မျက်နှာကိုမြင်နေရလျှင်၊ သူ့အသံကို ကြား နေရလျှင်၊ သူနဲ့အတူတူရှိနေရလျှင် သူမဘဝပြည့်စုံပြီ၊ တခြား ဘာမှမလိုအပ်ပေ။

♥♥♥♥♥

# အခန်း (၁၀)

သူ့ရင်ထဲတွင် သူမနာမည်ကြီးဖို့၊ သူမအောင်မြင်ဖို့၊ ဂီတလောကထဲတွင် ဘုရင်မတစ်ယောက်ဖြစ်ဖို့ စသည်တို့သာ ပြည့်နှက်နေလျက် သူ့အလုပ်တွေ ရှုပ်နေတော့သည်။

သူမရှေ့တွင် ဘယ်လောက်ပဲ ဟန်ဆောင်ဖုံးဖိနေမိသော်လည်း သူမကို မမြင်ရလျှင်၊ သူမအသံမကြားလျှင် သူ့အလိုလို နေမပျော်တော့တာ၊ အထီးကျန် ကမ္ဘာထဲ

ပြန်ရောက်သွားရတာ သူ့အသိဆုံးပင်။

စတူဒီယိုသွားဖို့မလို၍အိမ်မှာနားဖြစ်သည့်ရက်များတွင်... နေ့လယ်ပိုင်း အချိန်ရောက်တိုင်း...

"ဦးယံ့အတွက် ကော်ဖီ"ဟု ကော်ဖီပန်းကန်လုံးလေး ကိုင်ကာ သူ့စားပွဲပေါ် လာတင်ပေးတတ်သော သူမကို သတိမရဘဲ မနေနိုင်ပါ။

"ကိုယ် ကော်ဖီသောက်တတ်မှန်း မင်းဘယ်လိုသိလဲ တိမ်း"

"ဒီလိုပဲ သိတာပေါ့ ဦးယံရဲ့"

သူမ၏ကော်ဖီကို အားနာပါးနာဖြင့် သောက်လိုက်မိသော်လည်း... အရသာမှာ တစ်ခါသောက်ဖူးရုံနှင့် တစ်သက်မမေ့နိုင်စရာ ပြင်းရှခါးသက်သလိုလို ချိုအီမွှေးပျံ့သလိုလိုနှင့် လျှာပေါ်တွင် စွဲကျန်ရစ်ခဲ့လေသည်။

ထိုနေ့မှစ၍ သူသည်နေ့လယ်ပိုင်း ကော်ဖီချိန်ရောက်တိုင်း သူမဖျော်တိုက်သော ကော်ဖီကို စွဲမှန်းမသိ စွဲလာခဲ့သည်။

သူ့ကိုယ်သူ နားမလည်နိုင်သော်လည်း သူ့ကိုယ်သူ မြင်နိုင် အောင်ဖော်ထုတ်ခဲ့သူမှာ သူ၏အခင်ဆုံးသူငယ်ချင်း ဇော်ထိုက်ပင်။ ဇော်ထိုက်က သူနှင့်ကျောင်းနေဖက်၊ ခုချိန်ထိလည်း တတွဲတွဲမို့ သူ့အကြောင်း အစုမချေးခါး အကုန်သိလေသည်။

"မင်း ဘာဖြစ်နေသလဲဆိုတာ ငါသိတယ် မိုးယံ၊ မင်း တိမ်းကို မိုးအဖြစ်နဲ့ အသက်သွင်းနေတာပဲ"

ဇော်ထိုက် ပြောလိုက်လျှင် သူတကယ်ပင် တုန်လှုပ် သွားမိ၏။ ဇော်ထိုက်ပြောတာ တကယ်များ မှန်နေပြီလား... ဟု တွေးနေမိသည်။

"ငါ့စကားကို ငြင်းဖို့မကြိုးစားနဲ့နော် မိုးယံ၊ မင်းနဲ့ငါ ပေါင်းလာကြတာ ခုမှမဟုတ်ဘူး၊ မင်းပါးစပ်ဟလိုက်တာနဲ့ မင်းဝမ်းထဲမှာ အူဘယ်နှစ်ခွေရှိတယ်ဆိုတာ ငါမြင်နိုင်တယ်၊ မင်းအခုလုပ်နေပုံက မိုးကို စီးရီး(စ်) စထုတ်ပေးတုန်းက ပုံစံအတိုင်းပဲ"

ဇော်ထိုက် ပြောတာလည်း မှန်သည်။ ~ မိုးကို

သူစီးရီး(စ်)စထုတ်ပေးရင်း မိုးနှင့်သူ ငြိခဲ့ကြခြင်းပါ။

"ဒီအတိုင်းသာ ဆက်သွားရင် ဘာတွေဖြစ်လာနိုင်သလဲ ဇော်ထိုက်" ဟု သူ မစဉ်းစားနိုင်သလို မေးလိုက်၏။

"မင်းက ပိုသိမှာပေါ့ကွာ"

ဘယ်တော့မှ အိုဟောင်းသေဆုံး မသွားနိုင်သော အချစ်ဆိုသောအရာသည် သူ့နှလုံးသားထဲတွင် ဒုတိယ အကြိမ် ပြန်လည်ရှင်သန် မွေးဖွားလာခဲ့ပြီလား...

မိုးရဲ့အသံ၊ မိုးဝတ်စားဆင်ယင်ပုံ၊ ပြီးတော့ ကြင်နာမှုတွေ နူးညံ့မှုတွေ ပြည့်နှက်နေတဲ့ မျက်ဝန်း... စတဲ့အရာတွေ အားလုံး သူ့မဆီမှာ ဘာကြောင့် စုပြုံရောက်ရှိနေခဲ့တာလဲ... ပြီးတော့ မိုးရဲ့ဒေါက်မြင့်ဖိနပ်လေး... သူ့မထံတွင်လည်း ရှိနေခဲ့သည်။

အံ့ဩစရာကောင်းသော တူညီမှုများစွာဖြင့် သူ့ဘဝထဲ မထင်မှတ်ဘဲ ရောက်ရှိလာခဲ့သော တိမ်းကို သူ စိတ်မဝင်စားဘဲ မနေနိုင်။

ခြောက်သွေ့နေခဲ့သော သူ့ဘဝကို ပြန်လည်လှုပ်ရှား


သက်ဝင်လာစေသူမှာ သူမ တစ်ယောက်တည်းပင် ရှိလေသည်။

တွေးရင်း တွေးရင်း... သူ့ကိုယ်သူ နားလည်ခဲ့ရပြီ။ သူ... တိမ်းကို စွဲလမ်းနေမိပြီ။ တိမ်းမရှိလျှင်... ဘဝမှာ ပြည့်စုံနိုင်လိမ့်မည်မဟုတ်....။

တိမ်း သီချင်းဆိုနေပုံလေးတွေ၊ သဘောကျလျှင်
ဟက်ဟက်ပက်ပက် ရယ်မောနေတတ်တာလေးတွေ၊ သူအော်
ငေါက်လိုက်လျှင် ထိတ်လန့်သွားပုံလေးတွေ အားလုံး...
သူ့ရင်ထဲမှာ နှုတ်မရအောင် စွဲနေခဲ့ပြီ။

တိမ်းသည် သူ့နှလုံးသားထဲ တစ်စစချဉ်းနင်း ဝင်ရောက်လာခဲ့ကြောင်းနှင့် တိမ်းကို သူ ပြင်းပြစွာ လိုအပ်ကြောင်း အတိအကျသိရချိန်တွင်... ထင်မှတ်မထားသော အဖြစ်အပျက်တစ်ခုသည် သူနှင့်တိမ်းကြား ရုတ်တရက် ဝင်ရောက်လာခဲ့၏။

♥♥♥♥♥



ထိုနေ့က တိမ်းအိမ်အပြန် သူကားနှင့်လိုက်ပို့ပေးရန် စတူဒီယိုထဲမှထွက်လာစဉ်... စတူဒီယိုရှေ့ ခပ်လှမ်းလှမ်း တစ်နေရာတွင် ရပ်ထားသော ဆိုင်ကယ်ကြီးတစ်စီးကို ထူးဆန်းစွာ တွေ့လိုက်ရ၏။

ဆိုင်ကယ်ပေါ်တွင် အနက်ရောင် နေကာမျက်မှန်ကို တပ်ထားပြီး ဆိုင်ကယ်ကို မှီရပ်နေသော ကောင်လေး တစ်ယောက်... ထိုကောင်လေးက သူနှင့်သူမတွဲပြီး ထွက်လာတာကို စူးစူးစိုက်စိုက် ကြည့်လျက်ရှိ၏။

**ဘရဏီစာပေ**

အသက်နှစ်ဆယ်ကျော်ကျော် သူမနှင့် ရွယ်တူလောက်သာ ရှိသေးပြီး... ရုပ်ရည်မှာ ပျိုမျစ်နုနယ်ချောမောလျက် မိန်းကလေးများ ရင်ခုန်စေလောက်သည်။

ထိုလူရွယ်ကို မြင်လိုက်သည်နှင့် သူမမျက်ဝန်းတွေ ပြောင်းလဲသွားတာကို သူတွေ့လိုက်ရ၏။ ပြီးတော့ သူ့ဘက်လှည့်ကာ...

"ဦးယံ... ခဏနော်" ဟု ဆိုကာ ထိုကောင်လေး ဆိုင်ကယ်နားသို့ လျှောက်သွားသည်။

သူ့ကို မြင်လိုက်သည်နှင့် ပြဿနာစပြီဆိုတာ သူမသိလိုက်သည်။

"ရဲနောင်... ရှင် ဘယ်တုန်းက ပြန်ရောက်တာလဲ"

"ဒီနေ့ မနက်ပဲ၊ ရောက်ရောက်ချင်း တိမ်း ဘယ်မှာရှိတယ်ဆိုတာ စုံစမ်းပြီး ကိုယ်လိုက်လာခဲ့တာ"

သူက ကားပေါ်မှာထိုင်ပြီး သူမကို စောင့်နေသော ဦးမိုးယံထက်ကို တစ်ချက်လှမ်းကြည့်လိုက်ပြီး...

"သူက မင်းရဲ့ ပရိဂျူဆာ ဆိုတာလား"

"ဟုတ်တယ်..."

"တော်တော်ရုပ်ဖြောင့်တဲ့ လူပဲ" ဟုပြောပြီး သူမမျက်နှာကို အကဲခတ်သလို ကြည့်နေ၏။

"ဘာကြည့်တာလဲ" ဟု သူမက မေးလိုက်သည်။

"ဘာမှမကြည့်ဘူး၊ ကဲ... ဆိုင်ကယ်ပေါ်တက်၊ မင်းကို ကိုယ်လာကြိုတာ"

"မလိုက်တော့ဘူး၊ ဦးယံက ကျွန်မကို လိုက်ပို့ပေးမှာ" ဟု သူမက ပြောလိုက်လျှင် မျက်ဝန်းများ နီရဲစူးရှသွားကာ သဝန်တိုသည့် အရိပ်များ လွှမ်းသွားပြီး...

"ဦးယံ... ဟုတ်လား"

"ဟုတ်တယ်၊ သူ့နာမည်က ဦးမိုးယံထက်တဲ့" ·

သူက ခပ်မဲ့မဲ့ တစ်ချက်ပြုံးလိုက်ပြီး...

"ဒီနေ့ ကိုယ်ပြန်လာပြီပဲ၊ ကိုယ့်ဆိုင်ကယ်နဲ့ပဲ မင်းပြန်ရမယ်၊ နောက်နေ့တွေလဲ ဘယ်သူ့ကားနဲ့မှ မင်းမလိုက်ရဘူး နားလည်လား"

"ရှင် အမိန့်ပေးနေတာလား"

"မင်းနဲ့ကိုယ်ရဲ့ ပတ်သက်မှုက ဒီလောက်တော့ ပြောပိုင်ခွင့်ရှိပါတယ်၊ ကိုယ့်ဆိုင်ကယ်နဲ့ပဲ မင်းပြန်ရမယ်"

ခံပြင်းစိတ်များ သူမ တစ်ကိုယ်လုံး ပျံ့နှံ့သွားသော်လည်း ကြိတ်မှိတ်မျိုသိပ်လိုက်ကာ...

"ကောင်းပြီလေ... ခဏနေဦး" ဟုဆိုကာ ဦးယံရှိရာ ပြန်လျှောက်လာခဲ့သည်။

သူမနှင့်ထိုကောင်လေး ဘာတွေပြောနေကြသလဲဆိုတာ မသိရပေမယ့် သူ့ရင်ထဲမှာ ဘယ်လိုမှမတည်ငြိမ်နိုင်တာတော့ အသေအချာပင်။

" ဦးယံ... တိမ်းကို လိုက်မပို့နဲ့တော့၊ တိမ်း သူ့ဆိုင်ကယ်နဲ့ပဲ လိုက်သွားတော့မယ်"ဟု သူမ ပြောလိုက်လျှင် သူအံ့ဩထိခိုက်သွားမိတာ အမှန်ပါ။

"သွားတော့မယ်နော် ဦးယံ" ဟု လက်ကလေးပြကာ ဆိုင်ကယ်နှင့် လူရှိရာသို့ ပြေးထွက်သွားလျှင် သူ့ရင်ထဲ ခပ်ရှရှ နာကျင်သွားမိလေသည်။

သူမပါသွားသော ဆိုင်ကယ်လေးကို ငေးကြည့်ရင်း

တစ်ယောက်တည်း ခပ်ငေါင်ငေါင် ကျန်ရစ်ခဲ့ရတာ အတော် ခံရခက်လေသည်။

ဆိုင်ကယ်လာကြိုတာ မြင်လိုက်သည်နှင့် နေ့စဉ် နေ့တိုင်း လိုက်ပို့ပေးနေကျ သူ့ကားကြီးကို ထားရစ်ပြီး ထွက်ခွာသွားသော သူမကို နားမလည်နိုင်။

သဝန်တိုစိတ်သည် သူ့နှလုံးသားထဲ ဗလောင်ဆူပွက် လာကာ သူ့တစ်ကိုယ်လုံးကို ပျံ့နှံ့နေလေသည်။ တိတ်ဆိတ် ခြောက်ကပ်ပြီး ကျန်ရစ်ခဲ့သော သူ့အကြောင်း သူမ တွေးမှတွေးမိပါလေစ...

ခုချိန်လောက်ဆို ဆိုင်ကယ်ပေါ်တွင် ထိုလူ့ခါးကိုဖက် ကာ ရယ်မောပျော်ရွှင်လျက် ရှိနေမလား... ဟူသော အတွေးများစွာတို့ သူ့ကို နှိပ်စက်ပြီး ထိုနေ့က သူဘယ်လိုမှ မပျော်ရွှင်နိုင်တော့ပေ။

♥♥♥♥♥



## အခန်း (၁၁)

နေရဲနောင် နိုင်ငံခြားက ပြန်ရောက်လာခဲ့ခြင်းသည် သူမအတွက် ကံကောင်းခြင်း မဟုတ်နိုင်တာ သူမ အသေအချာသိလေသည်။

ထိုနေ့ရက်ကို မြန်မြန် မရောက်ပါစေနဲ့ဟု ဆုတောင်းရင်း အခုတော့ တကယ် ရင်ဆိုင်ရလေပြီ။

နေရဲနောင်သည် သူမသီချင်းဆိုသော Two Hearts ဆိုင်ပိုင်ရှင်၏သားဖြစ်ပြီး...သူမကိုစတင်မြင်တွေ့သည့်နေ့ကတည်းက အသည်းအသန် အရူးအမူး လိုက်ခဲ့သူဖြစ်သည်။

ဘရဏီစာပေ

သူဘယ်လောက်ပဲ အသည်းခိုက်ပြနေပစေ၊ သူမက လုံးဝ လှည့်မကြည့်ခဲ့၊ ဂရုမစိုက်ခဲ့။

"မချစ်ရင် သတ်မှာနော်" ဟု သူ အမြဲပြောတတ်သော စကားကိုပင် သူမ မတုန်လှုပ်ခဲ့။

သူမကိုမှမရလျှင် သေမတတ်ဖြစ်နေသော ရဲနောင် အကြောင်းကို သူငယ်ချင်းတွေ အားလုံး၊ မိဘ အသိုင်း အဝိုင်းတွေ အကုန်လုံးပင် သိရှိခဲ့၏။

"ဒီမှာ ရဲနောင်၊ ရှင့်ကို မချစ်နိုင်ဘူးဆိုတာ ခုထက်ထိ နားမလည်နိုင်သေးဘူးလား" ဟု သူမက အော်ပစ်လိုက်လျှင် သူက...

"အဲဒီစကားမျိုး လာမပြောနဲ့၊ မင်းကို မရမချင်း ကိုယ်လုံးဝ အရှုံးပေးမှာ မဟုတ်ဘူး" ဟု အားကျမခံ ပြောလေသည်။

သူမမှသူမဆိုသော ခွဲလမ်းမှုများစွာ ပြည့်နှက်နေ လျက်... သူမနောက် တကောက်ကောက်လိုက်ကာ... ကပ်ပါးတစ်ကောင်လို ချန်ထား၍မရဘဲ ဖြစ်နေခဲ့သည်။

**ဘရဏီစာပေ**

တစ်နေ့တွင် သူ့ကို ဘယ်လိုမှ ငြင်းမရသောအဖြစ်နှင့် ကြုံရလေသည်။

"ဖေဖေတို့ ဒီတိုက်ခန်းလေးကို အပေါင်ဆုံးသွားပြီ သမီး၊ မကြာခင် ဆင်းပေးရတော့မယ်"

ဖေဖေ့ စကားအဆုံးတွင် သူမ ထိတ်လန့်သွားမိ၏။

"ဟုတ်လား ဖေဖေ၊ သမီးကို ဘာလို့ကြိုမပြောတာလဲ ဖေဖေရယ်"

အိမ်မှာက ညီမလေးနှစ်ယောက်က ကျောင်းသူရွယ်လေးတွေမို့ စီးပွားမရှာနိုင်ကြသေး။ ဖေဖေက အစိုးရဝန်ထမ်း မေမေက အိမ်ထောင်ထိန်းသိမ်းသည့် အလုပ်မှ လွဲ၍ အလုပ်မရှိချေ။ သူမနှင့်သူမဖခင်၏ ဝင်ငွေဖြင့်သာ စားဝတ်နေရေးကို တောင့်ခံထားခဲ့ ခြင်းပါ။

ဖေဖေ့မျက်နှာမှာ အတော်ညှိုးငယ်နေပြီး ညီမလေးနှစ်ယောက်မှာ အိမ်ပေါ်မှ ဆင်းပြေးရမည်ကို တွေးပြီး ငိုယိုနေကြလေပြီ။ မေမေကတော့ ဘာမှမပြောဘဲ သူ့အကျင့်အတိုင်း ကြိတ်၍သာ ခံစားတတ်သည်။

သူမကတော့ ကြံရာမရ ခေါင်းခဲလျက် ရှိသည်။

နောက်နှစ်ရက်ခန့်အကြာတွင် သူမဆိုင်မှ ပြန်လာတော့ ဖေဖေက ဝမ်းသာအားရ မျက်နှာဖြင့်...

"သမီးရေ... ဝမ်းသာစရာ ပြောရဦးမယ်ကွယ်၊ ဖေဖေတို့ ဒီတိုက်ခန်းက ပြောင်းပေးစရာ မလိုတော့ဘူး"

"ဟင်... ဘာဖြစ်လို့လဲ ဖေဖေ"

"မောင်ရဲနောင်က ဒီတိုက်ခန်းကို ပြန်ရွေးပေးလိုက်တယ်"

"ရှင်"

ဖေဖေ့ စကားကြားရလျှင် ဝမ်းမသာနိုင်ဘဲ ကံဆိုးပြီဆိုတာ ချက်ချင်း သိလိုက်သည်။

"ဘာဖြစ်လို့ လက်ခံလိုက်တာလဲ ဖေဖေရယ်"

"ဒီသူငယ်လေးက စိတ်သဘောထား ပြည့်ဝပါတယ်ကွယ်၊ အန်ကယ်လ်တို့အခက်အခဲ ကျွန်တော့်အခက်အခဲပဲပေါ့၊ကျွန်တော် ကူညီပါ့မယ်တဲ့ ဖေဖေလဲ အရမ်း အခက်အခဲတွေ့နေတော့ မငြင်းဖြစ်တော့ဘူး"

သူမ မိဘတွေကို အတင်းသိမ်းသွင်းပြီး ချဉ်းကပ်နေတာ ကြာခဲ့ပြီ ဖြစ်သည်။

"ဒါပေမယ့် သူက တစ်ခုတော့ တောင်းဆိုတယ်၊ သမီးကို လက်ထပ်ချင်တယ်တဲ့၊ သမီးနဲ့ သူစေ့စပ်ထားချင်တယ်တဲ့လေ"

" လက်ခံလိုက်သလား ဖေဖေ"

"လက်ခံလိုက်တာပေါ့ကွယ်၊ မောင်ရဲနောင်က ဘာငြင်းစရာရှိလို့လဲ၊ လိမ္မာရေးခြားလဲရှိတယ်၊ သမီးကိုလဲ တကယ့်မေတ္တာစစ်နဲ့ချစ်နေတယ်ဆိုတာ ဖေဖေတို့အားလုံး သိနေကြတာပဲဥစ္စာ"

ဖေဖေ့ စကားသံအဆုံးမှာ မိုးကြိုး ပစ်ချခံထားရသူလို သူမ နှာကျင်မဆုံး ဖြစ်သွားမိ၏။

"သမီးသဘောကို မေးဖို့တော့ကောင်းပါတယ် ဖေဖေရယ်"ဟု ပြောရုံကလွဲ၍ သူမ ဘာမှမတတ်နိုင်တော့ပေ။

သူဆင်ထားသော ထောင်ချောက်ထဲသို့ သူမလှလှပပ ဝင်ခဲ့ရပြီ။ သူ ကခိုင်းသည့်အတိုင်း ကခဲ့ရပြီ။

ဘရဏီစာပေ

အချစ်မပါသော လက်ထပ်ပွဲ တစ်ခုအတွက် ကြိုတင်စရံ သတ်သောအနေဖြင့် သူနှင့်သူမ၏ စေ့စပ်ပွဲကို လူကုံတံ အသိုင်းအဝိုင်းများကြားတွင် ကျင်းပခဲ့ရလေသည်။

"မင်း ဘယ်လောက်ပြေးပြေး ကိုယ်မီအောင် ဖမ်းနိုင် တယ်နော် တိမ်း၊ ကိုယ်ဘယ်လိုလူဆိုတာ သဘောပေါက်ပြီ နော်" ဟူသော သူ့အသံမှာ သူမနားထဲ ခါးသက်စွာ ဝင်ရောက်လာခဲ့၏။

ထိုနေ့မှစ၍ သူမကိုလိုသလို ချယ်လှယ်စိုးမိုးခဲ့သည်။ အသွားအလာ အနေအထိုင်အားလုံး သူစေလိုရာအတိုင်း သူ့စိတ်တိုင်းကျ လိုက်နာခဲ့ရသည်။

သူ့ကို ဘယ်လိုမှမေတ္တာမရှိသော်လည်း ငြင်းမရနိုင်တော့ ပေ။နိုင်ငံခြားသို့ သူပညာတော်သင် နှစ်နှစ်သွားမည်ဆို၍ သူမ အလွန်ပျော်ရွှင်ခဲ့မိသည်။

"မေမေက လွှတ်လို့သာသွားရမှာ၊ မင်းကိုကိုယ်လုံးဝ စိတ်ချတာမဟုတ်ဘူး၊ ကိုယ်ပြန်လာရင် ဘာဘာညာညာ မကြားချင်ဘူးနော်"

"ကျွန်မနားလည်ပါတယ်၊ ရှင်မရ ရတဲ့နည်းနဲ့ ကျွန်မကို ပိုင်ဆိုင်ဖို့ ကြိုးစားခဲ့တယ်ဆိုတာ"

"မင်းကိုယ့်ကို စိတ်နာနေသလား တိမ်း၊တကယ်တော့ ကိုယ် မင်းကို ဘယ်လောက်ချစ်တယ်ဆိုတာ မင်းသိသင့်ပါတယ်ကွာ၊

ကဲ... ကိုယ်သွားပြီနော် တိမ်း၊ မင်းဆီမြန်နိုင်သမျှ အမြန်ဆုံး ကိုယ်ပြန်လာခဲ့မယ်"

သူနိုင်ငံခြားထွက်သွားသည်နှင့် အိပ်မက်ဆိုးမှ နိုးထသူ တစ်ယောက်လို ပျော်ရွှင်လွတ်လပ်နေစဉ် စက်စဲကမ်းခြေ၌ ဦးယံနှင့် တွေ့ဆုံခဲ့ရခြင်းပါ။

ညနေကအဖြစ်ကြောင့် ဦးယံမျက်နှာညှိုးညှိုးဖြင့် ကျန်ရစ်ခဲ့ရတာ သူမရင်ထဲမကောင်းနိုင်ပါ။

ထိုနေ့ညတွင် သူမထံ သူ ဖုန်းဆက်မည်အထင်နှင့် ဖုန်းနားမှမခွာဘဲ တစ်ညလုံးနီးပါး ဖုန်းထိုင်စောင့်နေခဲ့မိသည်။ သို့သော် သူက လုံး၀ ဖုန်းမဆက်ခဲ့ပါ။

♥♥♥♥♥



# အခန်း (၁၂)

နောက်တစ်နေ့မနက်တွင် ခါတိုင်းလိုပင် ဦးယံ လွှတ်ပေးနေကျ ကားရောက်လာခဲ့၏။ သူမက ကားပေါ်တက်ပြီး လိုက်လာခဲ့စဉ် ကားနှင့်ခပ်လှမ်းလှမ်းမှ ကပ်မောင်းလာသော ဆိုင်ကယ်သံကြောင့် နောက်သို့ လှည့်ကြည့်လိုက်မိသည်။

မီးပွိုင့်တစ်ခုတွင် သူက ကားဘေးမှ ဆိုင်ကယ်ကို လာရပ်ပြီး...

"ဒါက ဘာသဘောလဲ တိမ်း"

သူ့မျက်နှာကော အသံပါ တင်းမာနေလေသည်။

"ဘာကိုလဲ"

"သိသိကြီးနဲ့ ကိုယ့်ကိုပြန်ပြီး မေးခွန်းထုတ်မနေပါနဲ့၊ ကိုယ် ဒီကို ပြန်လာတာ မင်းကို စောင့်ရှောက်ဖို့ပဲ"

"ရှင် စောင့်ရှောက်ရအောင် ကျွန်မက ဒုက္ခိတမှ မဟုတ်တာ"

"မင်း စကားကိုကတ်ပြီး မပြောနဲ့တိမ်း၊ ကိုယ်ကလွဲလို့ မင်းကို ဘယ်သူမှ စောင့်ရှောက်ယုယနေတာမျိုး ကိုယ်မလို ချင်ဘူး"

"ဘာ... ဘာပြောတယ်"

သူမတို့ ရန်ဖြစ်လို့ အားမရကြသေးခင် မီးပွိုင့်မီးစိမ်း သွားသောကြောင့် ကားက ထွက်သွားလေသည်။ သူ့ ဆိုင်ကယ်ဘယ်နားမှာ ပြတ်ကျန်ရစ်ခဲ့သည်မသိ၊ စတူဒီယို ရှိရာ သူမ ရောက်လာခဲ့သည်။

အားလုံးကို မေ့ထားလိုက်ပြီး... ဦးယံကိုသာ မြင်တွေ့ ချင်စိတ်တွေ ဖြစ်နေမိသည်။ အထဲဝင်ဝင်လာချင်း ဦးယံကို

မတွေ့ရ။

သူဘယ်ရောက်နေပါလိမ့်....

ဟိုအခန်းလိုက်ချောင်း ဒီအခန်းလိုက်ချောင်းနှင့် ရှိနေစဉ်...

"တိမ်း..."ဟူသော အသံကြောင့် လိပ်ပြာလွင့်မတတ် သူမ လန့်ဖျတ်သွားမိသည်။

"ဟင်... ဦးယံ"

"ဘာတွေ လိုက်ချောင်းနေတာလဲ တိမ်းရဲ့"

သူ့မျက်နှာမှာ ဘာတွေ ပြောင်းလဲနေသလဲဆိုတာ ကမန်းကတမ်း အဖြေရှာကြည့်မိသည်။ တော်ပါသေးသည်။ မျက်ဝန်းများ ပြုံးသန်းကာ... သူ့အသံမှာ နွေးထွေးလှိုက်လှဲနေဆဲမို့ သူမ် ကျေနပ်သွားမိ၏။

"ဦးယံ ဘယ်သွားနေလဲလို့"

"ကိုယ်ခြံထဲက ပန်းပင်လေးတွေ သွားကြည့်နေတာပါ၊ တိမ်းကို သွားကြိုတဲ့ကား ပြန်ရောက်လာတာမြင်လို့ ကိုယ်ခြံထဲက တက်လာခဲ့တာ"

သူက သူ့စားပွဲအံဆွဲထဲမှ ဗီဒီယိုတိတ်ခွေတစ်ခွေကို ထုတ် လိုက် ပြီး... "ကြော်ငြာ editing လုပ်ထားတဲ့အခွေရပြီ တိမ်း၊ ကိုယ်တို့ ကြည့်ကြရအောင်၊ တိမ်း ကြော်ငြာကို ကိုယ် ကိုယ်တိုင် edit လုပ်ထားတာ"

တိမ်း၏ စီးရီး(စ်)ကြော်ငြာခွေကို နှစ်ယောက်အတူ ကြည့်ဖြစ်ကြသည်။ ရိုက်ကွက်ဆန်းလေးတွေနှင့် တိမ်းရဲ့ စီးရီး(စ်) ကြော်ငြာမှာ ပရိသတ်ကို ဆွဲဆောင်နိုင်လိမ့်မည် ထင်သည်။

"ဦးယံ edit လုပ်ထားတာ သိပ်တော်တာပဲ" ဟု သူမကပြောလျှင် သူကပြုံးနေသည်။ ပြီးတော့ သူမမျက်နှာကို အဖြေရှာသလို သေချာစူးစိုက်ကြည့်ပြီးလျှင်...

"ကိုယ်တို့ ကြိုးစားထားတဲ့ အလုပ်တစ်ခုကို ပန်းတိုင် ဝင်ဖို့ ပြေးလမ်းပေါ်စပြီး လွှတ်ရတော့မယ်၊ ရင်မခုန်ဘူးလား တိမ်း"

"ရင်ခုန်တာပေါ့ဦးယံရယ်၊ တိမ်းဘဝမှာ ဒီစီးရီး(စ်)လေး တစ်ခုအတွက် ကြိုးစားနေရတာ ရင်အခုန်ဆုံးပဲ၊ ပြီးတော့

ကြိုးစားရကျိုးလဲ နပ်ချင်တယ်"

"အောင်မြင်မှာပါ တိမ်းရဲ့၊ တိမ်းက ဒီလောက်ကြိုးစားတာ"

"တိမ်းရဲ့ အိပ်မက်တွေကို မက်ခွင့်ပေးတဲ့ ဦးယံကို..."

"ကျေးဇူးတင်ပါတယ်လို့ ပြောဦးမလို့လား တိမ်း"

"ဦးယံက ကြိုသိနေသလား ဟင်"

"သိတာပေါ့၊ တိမ်းဆိုတဲ့ မိန်းကလေးက ကျေးဇူးတင်စကားကို အခါတစ်ထောင်မက ပြောချင်နေတဲ့သူပဲ"

သူက တစ်ချက်တိတ်ဆိတ်သွားပြီး သူမ မျက်ဝန်းတွေထဲ စိုက်ကြည့်လေသည်။ သူမနှင့်သူ တစ်ယောက်ကိုတစ်ယောက် ငြိတွယ်ကြာရှည်စွာ မျက်ဝန်းချင်း စိုက်ကြည့်နေမိကြ၏။

စကားသံ မပါသော်လည်း ထိုမျက်ဝန်း အကြည့်များသည် စွဲငြိရင်ခုန်ဖွယ်ကောင်းကာ အဓိပ္ပာယ်များစွာ ပါဝင်နေလေသည်။

သူက ရုတ်တရက် အကြည့်ကို ဖျတ်ခနဲခွာလိုက်ပြီး...

ဘာရထာီစာပေ

"မနေ့က တိမ်းကို လာကြိုတာ ဘယ်သူလဲ" ဟု မေးသည်။ ရုတ်တရက်မို့ သူမ ဘယ်လိုဖြေရမှန်း မသိဘဲ...

"သူငယ်ချင်း တစ်ယောက်ပါ" ဟု ပြောလိုက်မိသည်။

ဒီထက်ပိုပြီး သူ့ကို မသိစေချင်ပါ။

အချစ်ဆိုသောအရာသည် သူနှင့်သူမကြား လှပစွာ ရစ်ငင်နှောင်ဖွဲ့တော့မည်ဆိုတာ နားလည်နေမိ၏။ နှောင်ဖွဲ့ချင်သလောက် နှောင်ဖွဲ့ပါစေ... ထိုအချစ်ကို မရုန်းချင်တော့ဟု အချစ်ကပေးသော စွမ်းအားတစ်ခုဖြင့် ရဲရင့်နေမိလေသည်။

သူမ ပြန်ချိန်သို့ရောက်လျှင် ခါတိုင်းရက်များလို ပျော်ရွှင်စရာမကောင်းတော့ဘဲ... စိုးထိတ်မှုတစ်ခုဖြင့် ရင်ထဲ တင်းကျပ်နေ၏။

စတူဒီယိုထဲမှ ထွက်လိုက်သည်နှင့် အဆင်သင့် စောင့်ကြိုနေသော ရဲနောင်ကို တွေ့လိုက်ရ၏။ ဘယ်အချိန် ကတည်းက စောင့်နေသလဲ သူမမသိပါ။ သို့သော် သူ့ မျက်နှာမှာ တော်တော်လေး တင်းမာနေပေပြီ။

**ဘရဏီစာပေ**

ဦးမိုးယံထက်က သူ့ကိုမြင်သွားပြီး သူမကို ဖျတ်ခနဲ အကဲခတ်သလို လှမ်းကြည့်သည်။ ပြီးတော့ မေးသည်။

"ကိုယ်မင်းကို လိုက်ပို့စရာ မလိုတော့ဘူး ထင်တယ်" ဟု မေးလျှင် သူမရင်ထဲအတော့်ကို ဝမ်းနည်းသွားမိကာ တစ်ခုခုပြန်ပြောဖို့ အဖြေရှာဆဲ သူက စတူဒီယိုထဲ ပြန်ဝင်သွားလေသည်။

သူမ ရင်နာနာဖြင့်ပင် ရဲနောင်ဆိုင်ကယ်ရှိရာသို့ လျှောက်လာခဲ့ရ၏။

"ရှင် လာကြိုပြန်ပြီလား"

"ကိုယ်မနေ့ကတည်းက ပြောထားပြီးသားပဲ၊ မင်းကို နေ့တိုင်းလာကြိုပါ့မယ်လို့"

"ဒါဆိုလဲပြီးတာပဲ၊ မောင်းတော့" ဟု သူမ စိတ်တိုတို ဖြင့် ပြောလိုက်သည်။

"မင်းကို ကြည့်ရတာ မကြည်လင်ပါလား၊ ဘာလဲ... နေ့စဉ် နေ့တိုင်း အတူယှဉ်တွဲပြန်နေကျ ဓာတ်လမ်းလေး ပျက်စီးသွားလို့ လား"

ဆိုင်ကယ်မောင်းထွက်ခဲ့ရင်း သူက မေးလိုက်၏။

"ရှင် စကားကို ဆင်ခြင်ပြောပါ ရဲနောင်"

"မင်းလဲ အနေအထိုင်ဆင်ခြင်ပါ ယိမ်းနွဲ့တိမ်း"

"ကျွန်မက အနေအထိုင် ဆင်ခြင်ရအောင် ဘာတွေများ ဖြစ်နေလို့လဲ"

"မင်းမှာ စေ့စပ်ထားတဲ့ လူတစ်ယောက် ရှိနေတယ် ဆိုတာ မင်းမေ့နေပြီမဟုတ်လား၊ ဒါကြောင့် ကိုယ်ကနေ့တိုင်း မင်းကို လာကြိုရင်းနဲ့ သတိပေးနေရတာ"

"ပြောမနေနဲ့ ရှင့်ရဲ့တစ်ဖက်သတ် စေ့စပ်ပွဲကြီး အကြောင်းကို"

"မင်း မေ့နေမှာစိုးလို့ပါ၊ မင်းရဲ့ ပရိဂျူဆာကို အသက်ကြီးကြီး ဝဝဖိုင့်ဖိုင့်ကြီးလို့ ကိုယ်ကအောက်မေ့နေတာ၊ ခုတော့ ယောကျ်ားချင်းတောင် ငေးရလောက်အောင် ချောမောခန့်ညားနေတဲ့ လူတစ်ယောက်ပါလား"

"အဲဒီတော့ ဘာဖြစ်သလဲ"

"မင်းကို ကိုယ် လုံးဝစိတ်မချနိုင်ဘူး"

"ဘယ်လို"

သူက ဆိုင်ကယ်ကို လမ်းဘေးတစ်နေရာတွင် ထိုးရပ်လိုက်ပြီး...

"ဒီလောက် ညှို့ငင်စွမ်းအားတွေ ပြည့်နေတဲ့ ယောကျ်ားတစ်ယောက်နဲ့မင်း စတူဒီယိုတစ်ခုထဲမှာ နေ့စဉ်အတူရှိနေတာ ကိုယ်ဘယ်လိုမှ စိတ်မချနိုင်တော့ဘူး၊ မင်းကိုကိုယ်အမြန်ဆုံးလက်ထပ်မှပဲ ဖြစ်လိမ့်မယ်"

"အို... လက်မထပ်နိုင်သေးပါဘူး"

"ဘာလဲ... သူနဲ့ဝေးရမှာ ကြောက်လို့လား"

"ရှင်စကားကို ကြည့်ပြောပါ"

"ကိုယ် မင်းမျက်နှာလေးကို တမြတ်တနိုးကြည့်ပြီးပြောနေတာပဲ တိမ်းဆိုတဲ့ အချစ်ကလေးရဲ့"ဟု ပြောပြီးသူမပခုံးနှစ်ဖက်ကို ဆွဲခါလိုက်သောကြောင့် သူ့လက်တွေကိုသူမ ပုတ်ထုတ်ပစ်လိုက်၏။

"ရှင် မရမ်းကားပါနဲ့"

"ဒီမှာ တိမ်း၊ ကိုယ်နဲ့မင်း စေ့စပ်ထားတယ်ဆိုတဲ့

အကြောင်း အဲဒီလူကြီး သိပြီးပြီလား”

“ဟင့်အင်း”

“ဘာဖြစ်လို့ မသိသေးတာလဲ”

“သူနဲ့ကျွန်မ အလုပ်ကိစ္စပဲ ပြောလေ့ရှိကြတယ်၊ ကိုယ်ရေးကိုယ်တာကိစ္စတွေကို စကားမစပ်မိခဲ့ကြဘူး”

“ဒါဖြင့် ကိုယ်ကိုယ်တိုင် သူ့ကို သွားပြီး အသိပေးဖို့တော့ လိုမယ်ထင်တယ်”

“အို… ရှင်နဲ့တိမ်း စေ့စပ်ထားတဲ့ကိစ္စ သူနဲ့ဘာဆိုင်လို့လဲ”

“ဟာ… ဆိုင်တာပေါ့၊ ယိမ်းနွဲ့တိမ်းမှာ ပိုင်ရှင်ရှိနေပြီဆိုတာ ဒီလူ သိထားရလိမ့်မယ်၊ ဒါမှ ဆုတ်သင့်တဲ့ ခြေလှမ်းတွေဆုတ် သွားမှာပေါ့”

“ရှင် ဦးယံကို ဒီလိုမပြောပါနဲ့၊ ဦးယံက ဒီလိုလူစားမျိုးမဟုတ်ဘူး”

“မင်းက ဘာဖြစ်နေတာလဲ၊ ဦးယံ… ဦးယံနဲ့ ကိုယ်မကြား ချင်ဘူး”

"သူ့နာမည်က ဦးယံမို့ ဦးယံခေါ်တာ ဘာဖြစ်သလဲ"

"သူ့နာမည်က ဦးမိုးယံထက်ဆို၊ နာမည်အပြည့်အစုံ ခေါ်ရင်ရဲ့သားနဲ့ အဖျားဆွတ်ပြီးခေါ်တာမျိုး ကိုယ်မလိုချင်ဘူး၊ ဦးယံလို့ မခေါ်ရဘူးကွာ၊ ကိုယ်တားမြစ်တယ်"

"ရှင် တားမြစ်ပိုင်ခွင့် မရှိပါဘူး"

"ဘာလို့မရှိရမှာလဲ၊ မင်းနဲ့ငါ စေ့စပ်ထားတယ်ဆိုတာ မင်းမေ့နေပြီလား"

"မမေ့ပါဘူး"

"မမေ့ရင် ကိုယ်ပြောတာ မင်းနားထောင်ပါ၊ ဒါပဲ"

သူကပြောပြီးတာနှင့် ဆိုင်ကယ်ကို ဒေါသတကြီး မောင်းထွက်လာခဲ့လေသည်။

သူ့မျက်ဝန်းတွင် သဝန်တိုသည့် ဒေါသမီးများ တဝုန်းဝုန်း တောက်လောင်နေပြီး သူမရင်ထဲမှာတော့ ခံပြင်းနာကြည်းစိတ်များ ပြည့်နှက်တင်းကြပ်နေခဲ့သည်။

# အခန်း (၁၃)

တစ်နေ့နေ့မှာတော့ သူတို့နှစ်ယောက် ထိပ်တိုက်တွေ့ကြလိမ့်မည် ဆိုသောအတွေးသည် သူမကို အမြဲစိုးထိတ်နေစေ၏။

နေရဲနောင်က သူမကို နေ့စဉ်လာကြိုနေသည်မို့ ဦးယံလိုက်မပို့တော့ပါ။ သို့သော် သူ့မျက်ဝန်းထဲတွင် သူမ

နားလည် ခန့်မှန်းနိုင်သော အရိပ်တစ်ခုရှိနေလေသည်။

သူမကို သူသဝန်တိုနေခြင်း ဖြစ်လိမ့်မည်။

ထိုနေ့က ဦးယံသည် သူမကို "စီးရီး(စ်)ဖြန့်မယ့်နေ့ လုပ်မယ့် အစီအစဉ်လေးတွေ ပြောပြချင်လို့" ဟုဆိုကာ ဖုန်းဆက်ခေါ်ခဲ့ သည်။

ဦးယံက သူမစီးရီး(စ်)အတွက် အလွန်တက်ကြွနေတာကို တွေ့ရ၏။ သူမလည်း အလွန်ပျော်ရွှင်နေမိသည်။ ကိစ္စတွေဆွေးနွေးပြီး ပြန်မည်ပြုတော့ သူက...

"တိမ်း... အချိန်နည်းနည်းရမလား၊ ခုတလော ကိုယ့်အလုပ်တွေ သိပ်များနေတာနဲ့ မင်းနဲ့အေးအေးဆေးဆေး စကားမပြောရတာကြာပြီ၊ တိမ်းကို ဒီနေ့ နေ့လည်စာ လိုက်ကျွေးချင်တယ်" ဟု သူကပြောလျှင် သူမ ရင်ခုန်ပျော်ရွှင်သွားမိ၏။

ပြီးတော့ သူနှင့်အတူ နေ့လယ်စာ သွားစားကြရန် သူ့ကားရှိရာသို့ နှစ်ယောက်အတူ လျှောက်လာကြစဉ်...

"ဘယ်သွားမလို့လဲ တိမ်း"ဆိုသော အသံနှင့်အတူ

ကားဘေးတွင် ဆိုင်ကယ်ကို ထိုးရပ်လိုက်သော နေရဲနောင်ကို တွေ့လိုက်ရ၏။

မမျှော်လင့်ဘဲ နေရဲနောင်ကို တွေ့လိုက်ရသောကြောင့် သူမ အံ့ဩသွားမိပြီး စိတ်ရှုပ်ထွေး သွားလေသည်။ နေရဲနောင်က ဆိုင်ကယ်ပေါ်မှဆင်းလိုက်ပြီး...

"တိမ်း... တိမ်းရဲ့ပရိဂျူဆာနဲ့ကိုယ့်ကိုမိတ်ဆက်ပေးဦးလေ" ဟု ပြောလိုက်သောကြောင့် သူမငြင်းရန် အခက်တွေ့သွားတော့၏။

"ဟို... ဦးယံ... ဒါက ကိုနေရဲနောင်တဲ့၊ ရဲနောင်... သူကကျွန်မကို စီးရီး(စ်)ထုတ်ပေးတဲ့ ကျွန်မရဲ့ပရိဂျူဆာ ဦးမိုးယံထက်ပါ"

"တွေ့ရတာ ဝမ်းသာပါတယ် ဦးမိုးယံထက်"

"ကိုယ်လဲ ဝမ်းသာပါတယ်"

နေရဲနောင်က ဦးမိုးယံထက်ဆီ သူ့လက်ကိုအလျှင်ကမ်းပေးလိုက်ပြီး နှုတ်ဆက်လိုက်၏။ ဦးမိုးယံထက်က လည်း သူ့ကိုပြန် နှုတ်ဆက်လိုက်သည်။

" ဦးမိုးယံထက်ရဲ့အကြောင်းကို တိမ်း ပြောပြနေလို့ ကြားဖူးတာကြာပါပြီ၊ ပြီးတော့ မိတ်ဆွေဖြစ်ချင်နေတာလဲ ကြာပါပြီ၊ ကျွန်တော့်ရဲ့ တိမ်းအတွက် အခုလို စီးရီး(စ်) တစ်ခွေဖြစ်အောင် စိတ်ရောကိုယ်ပါ အကူအညီပေးခဲ့တဲ့ ဦးမိုးယံထက်ကို ကျွန်တော်က အထူးပဲ ကျေးဇူးတင်ပါတယ်"

နေရဲနောင်က ဦးမိုးယံထက်၏ မျက်နှာကို ထွင်းဖောက် မတတ်စိုက်ကြည့်ပြီး ပြောလိုက်သည်။ ဦးမိုးယံထက်က ပြုံးလိုက်ပြီး...

"ကိစ္စမရှိပါဘူး၊ ကိုယ်ကလဲ ကိုယ်စိုက်ပျိုးထားတဲ့ ပန်းပင်လေးတစ်ပင် လှလှပပ အောင်မြင်ဖူးပွင့် လာဖို့ ကြိုးပမ်းနေတာပါ"

နေရဲနောင်က သူ့စကားကို သဘောကျသွားသလို ရယ်မော လိုက်ပြီး...

"ကြိုက်တယ်ဗျာ... ကြိုက်တယ်၊ ဒီလို စေတနာကောင်း တဲ့ ပရိုဂျူဆာနဲ့တွေ့ဆုံခဲ့တာ တိမ်းသိပ်ကိုကံကောင်း

တာပဲ၊ကဲ... တိမ်း တိမ်းရဲ့ပရိဂျူဆာကြီးကို ဂုဏ်ပြုချီးကျူး တဲ့အနေနဲ့ ဒီနေ့နေ့လယ်စာကို ကိုယ်လိုက်ကျွေးပါရစေ"

သူမက ဘာပြန်ပြောရမှန်းမသိ ဖြစ်နေစဉ် ဦးယံက...

"နေပါစေကွာ... ကိုယ့်အတွက် အဲဒါတွေမလိုပါဘူး"

"မငြင်းပါနဲ့ဗျာ၊ မိတ်ဖြစ်ဆွေဖြစ်ပေါ့၊ ကျွန်တော်ဂုဏ်ပြု တာကို လက်ခံပါဗျာ၊ တကယ့်ကို လှိုက်လှိုက်လှဲလှဲ ကျွေးမွေးတင်မိလို့ ပြောနေတာပါ"

ပြုံးရွှင်မြူးစွာ ပြောနေသော နေရဲနောင်မျက်နှာကို အံ့ဩမယုံနိုင်စွာ နားမလည်နိုင်စွာ သူမ ငေးကြည့်နေမိ၏။

သူအတင်းအကြပ် ခေါ်နေသောကြောင့် ဦးယံ မငြင်းနိုင် တော့ဘဲ အားနာနာဖြင့်ပင် သူခေါ်ဆောင်သွားရာ Sedona Hotel သို့ သူမတို့ ရောက်လာခဲ့ရလေသည်။

သူမနှင့်နေရဲနောင်က ဆိုင်ကယ်အတူတွဲစီးပြီး ဦးယံက သူ့ကားကြီးဖြင့် လာခဲ့ကြခြင်းပင်။ ဟိုတယ်လ်ထဲ ဝင်ခဲ့ကြ ပြန်တော့လည်း နေရဲနောင်က သူမလက်ကို ပိုင်စိုးပိုင်နင်း ခပ်တင်းတင်း ဆုပ်ကိုင်ကာ စားသောက်ခန်းမထဲ ဦးဆောင်

ပြီး ဝင်လာခဲ့သည်။

"ရဲနောင်... ရှင် ဘာတွေလျှောက်လုပ်နေတာလဲ"

နေရဲနောင်မျက်နှာကို မကျေမနပ် လှမ်းကြည့်ကာ သူမ မေးလိုက်၏။

" ကိုယ်လား... မင်းရဲ့ကျေးဇူးရှင်ကို ကျေးဇူးပြုမလို့လေ" ဟု သူက ခနဲ့ပြုံးဖြင့် ပြောလိုက်၏။

စားပွဲတစ်ခုတွင် သူမနှင့်ရဲနောင်က တစ်ဘက် ဦးယံက တစ်ဖက် မျက်နှာချင်းဆိုင် ထိုင်လိုက်ကြသည်။ သို့သော် ခံစားမှုကိုယ်စီဖြင့် နွေးထွေးမှုမရှိကြ။

နေရဲနောင်က European food ကို Set သုံးခု မှာလိုက်၏။ စားစရာတွေ ရောက်လာတော့ ရဲနောင်က...

"သုံးဆောင်ပါ ခင်ဗျာ၊ ဘာမှ အားမနာနဲ့နော်၊ ကျွန်တော့်ရဲ့ တိမ်းအတွက် ဦးလေးကို အထူးဂုဏ်ပြုတာ"

သူ့စကားကြောင့် ဦးမိုးယံထက် အောင့်သက်သက် ဖြစ်သွားပုံရ၏။တကယ်တော့ သူ့အသက်အရွယ်နှင့် ဦးယံကို ဦးလေးဟု မခေါ်သင့်ဘဲ တမင်သက်သက် အရွဲ့တိုက်နေမှန်း

သူ့မျက်လုံး များက ဖော်ပြနေလေသည်။

သူက ဦးယံပန်းကန်ထဲ ဦးယံ၏ Set ထဲမှ ဟင်းများကို မောက်လျှံနေအောင် မနားတမ်း ခပ်ထည့်ပေးနေသောကြောင့်...

"ရပါပြီ မောင်ရင်၊ ကိုယ်သိပ်အများကြီး မစားတတ်ပါဘူး၊ တကယ်တော့ ဒီနေ့ နေ့လည်စာ တိမ်းကို ကိုယ်လိုက်ကျွေးမလို့ပါပဲ၊ မောင်ရင် ရောက်လာတာနဲ့... ".

"အစီအစဉ်တွေ ပျက်သွားတယ်ဆိုပါတော့... ၊ စိတ်မကောင်းဘူးဗျာ၊ ဒီတော့ များများပိုစားရမယ်နော်"

"ဒီလိုလဲ မဟုတ်ပါဘူး"

"အန်ကယ်လ်က ပရိဂျူဆာလောကမှာ ဘုရင်တစ်ဆူပဲလို့ ကျွန်တော်သိထားရတယ်၊ ကျွန်တော်က စီးပွားရေးစီမံခန့်ခွဲမှုနဲ့ နိုင်ငံခြားမှာ ဘွဲ့ယူလာတဲ့သူ ဆိုတော့ ဒီလောကထဲမှာ အောင်မြင်ကျင်လည်နေတဲ့ အန်ကယ့်လ်ဆီမှာ လေ့လာစရာရှိတာလေးတွေ ပြန်ပြီး လေ့လာထားရမယ် ထင်ပါရဲ့ဗျာ"

"မောင်ရဲနောင် သိချင်တာရှိရင် ကိုယ် ပြောပြပေးပါ့မယ်"

"သင်းကယူးဗျာ၊ဒါနဲ့... အန်ကယ်လ်ကို အသိပေးပြောပြထားချင်တာလေး တစ်ခုရှိတယ်၊ လူကြီးတစ်ယောက်ကို အသိပေးတဲ့အနေနဲ့ပေါ့" ဟု သူက ပြောလိုက်လျှင် သူမရင်ထဲထိတ်ခနဲ ဖြစ်သွားမိ၏။

"တိမ်းနဲ့ ကျွန်တော်က ကျွန်တော်နိုင်ငံခြား မသွားခင်ကတည်းက စေ့စပ်ထားကြတာလေ၊ အခုတိမ်းစီးရီး(စ်)ကိုစွတွေပြီးရင် အမြန်ဆုံး လက်ထပ်ချင်လို့၊ တိမ်းကသိပ်လှတော့ ကျွန်တော် စိတ်မချနိုင်တော့ဘူး"ဟုဆိုကာ သူက တိမ်းလက်လေး တစ်ဖက်ကို ဆုပ်ကိုင်ကာ အောင်နိုင်သူအပြုံးဖြင့် ပြောလိုက် သည်။

သူ့စကားအဆုံးတွင်... ဦးယံ မျက်နှာပေါ်၌ ရင်ထဲမှနင့်သီးသောခံစားမှုများ ခပ်ပြင်းပြင်း ဖြတ်ပြေးသွားတာကို သူမတွေ့လိုက်ရ၏။ သူမရင်ထဲ ဆို့နစ်သွားမိသည်။

ရုတ်တရက် သုံးယောက်လုံး တိတ်ဆိတ်သွားကြကာ...

နေရဲနောင်က ဦးယံမျက်နှာကို မျက်တောင်မခတ် အကဲခတ်နေ၏။ ဦးယံက ရင်ထဲမှထိခိုက်မှုကို အပြုံးဖြင့် ဖုံးကွယ်လျက်...

"ဝမ်းသာပါတယ်ကွာ..." ဟုပြောသည်။

သူ့ရင်ထဲ ဘယ်လောက် ခံစားသွားရမလဲဆိုတာ သိချင်စိတ်ပြင်းပြစွာဖြင့် သူ့ကိုလှမ်းကြည့်လိုက်တော့၊ သူ့မျက်နှာပေါ်တွင် လှုပ်ရှားမှု သိပ်မရှိတော့၊ ပိရိသေသပ်စွာ တည်ငြိမ်နေပေပြီ။

"ခုချိန်မှာ တိမ်းကို ပိုင်ဆိုင်ရဖို့ ကျွန်တော့်အတွက် သိပ်အရေးကြီးနေတယ်၊ ပြီးတော့ တိမ်းနဲ့လက်ထပ်ဖို့လဲ ကျွန်တော့်ရင်ခုန်သံတွေ သိပ်မြန်နေတယ် အန်ကယ်လ်၊ ယောကျ်ားတစ်ယောက်ဟာ မိန်းမတစ်ယောက်ကို ချစ်မိပြီဆိုရင် အဲဒီလောက်တောင် ရင်ထဲမှာ လှုပ်ခတ်နေတာ အံ့ဩစရာပဲနော်၊ အဲဒီလိုမျိုး အန်ကယ်လ်ကော ခံစားဖူးသလား"

ဦးယံကို တမင်တကာ ရိပြီးမေးနေမှန်း သူမကို ဦးယံပါ သိလိုက်၏။

"ရဲနောင်…" ဟု သူမက တစ်ချက် အော်လိုက်သည်။

"ဘာလဲ…တိမ်းရဲ့၊ ဒါယောကျ်ားတစ်ယောက်ရဲ့ ရင်ထဲက Feeling ခံစားမှုကို ဖလှယ်နေတာ၊ အန်ကယ်လ်က ကိုယ့်ထက်ကြီးတဲ့သူဆိုတော့ ကိုယ့်ထက် အတွေ့အကြုံပိုပြီး ရင့်ကျက်မှာပဲ၊ lecture လက်(က်)ချာ ယူသင့်တာ ယူရအောင် မေးနေတာ" ဟု နေရဲနောင်က ပြန်ပြောလေသည်။

သူတို့နှစ်ယောက်ကြားတွင် သူမ ဘာလုပ်ရမှန်းမသိလောက်အောင် မျက်နှာပူနေမိ၏။

"ဘယ်လိုလဲ အန်ကယ်လ်၊ ကျွန်တော်မေးတာလေး…"

"ကိုယ်တို့ အသက်အရွယ်က အချစ်အကြောင်းကို အချိန်ပေးပြီး ကဗျာတွေစာတွေ သီရမယ့်အရွယ်မဟုတ်တော့ဘူးလေ၊ အခုချိန်မှာ ကိုယ့်အတွက်တော့ အချစ်ဆိုတဲ့အရာထက် စီးပွားရေးက အဓိကကျတယ်၊ ဩော်… ခုမှ သတိရတယ်၊ ကိုယ့်မိတ်ဆွေတစ်ယောက်နဲ့ လုပ်ငန်းတစ်ခုအကြောင်း စကားပြောဖို့ ကိုယ်ချိန်းထားတယ်၊ မင်းတို့နှစ်ယောက် စကားပြောကြဦးပေါ့ ကိုယ်ပြန်ဦးမယ်"

ပြောပြီးတာနှင့် သူက သူ့ပိုက်ဆံအိတ်နှင့်မိုဘိုင်းလ်ကို ကိုင်ကာ ထရပ်လိုက်လျှင်...

"ကောင်းပါပြီ အန်ကယ်လ်၊ဪ... ကြုံတုန်း ပြောလိုက်ဦးမယ်၊ ကျွန်တော့်မှ ဖေဖေမရှိတော့ ကျွန်တော့်မင်္ဂလာဆောင်မှာ အန်ကယ်လ်ကပဲ ဖခင်နေရာမှာ အကူအညီပေးပါဦးလို့"

သူက ပြောလိုက်လျှင် ဦးယံမျက်နှာမှာ ဟန်ဆောင်ထားသည့်ကြားက မျက်ဝန်းများ နီရဲရှူးရှသွားတာကို တွေ့လိုက်ရ၏။ သူမလည်း ဒေါသထွက်လွန်း၍ သေတော့မည်။

"ကောင်းပြီလေ... ကိုယ်အားလပ်တဲ့ရက် ဖြစ်ပါစေလို့သာ ဆုတောင်းထားလိုက်ပါ" ဟု ခပ်တည်တည် ပြန်ပြောပြီး ဦးယံ ထွက်သွားတော့၏။

ဦးယံထွက်သွားသည်နှင့် ပေါက်ကွဲဖို့ ပြင်ဆင်ထားသော သူမ၏ဒေါသများ နေရဲနှောင်ဆီသို့ ဝုန်းခနဲ ရောက်ရှိသွားတော့၏။

"ရှင် သိပ်ပြီး အောက်တန်းကျတဲ့ လူပဲ"

"ကိုယ် ဘာအောက်တန်းကျလို့လဲ"

"ဦးယံကို ထမင်းခေါ်ကျွေးပြီး ဒီလောက်ထိ ဓော်ကား နေတာ အောက်တန်းမကျသေးဘူးလား"

"ဒါ စော်ကားတာမှ မဟုတ်တာ၊ သူ့အသက်အရွယ်နဲ့သူ နေရမယ့် နေသင့်တဲ့ position ကို လမ်းညွှန်ပြနေတာ"

"တော်စမ်းပါ... ရှင်နဲ့ကျွန်မနဲ့ ဈေးစပ်ထားတယ်ဆိုပြီး မဏ္ဍာပ်တိုင်တက်ပြနေရတာမှ အားမရသေးဘဲ ကျွန်မကျေးဇူး ရှင်ကို စော်ကားနေလိုက်တာ..."

"မင်းမှာ ပိုင်ရှင်ရှိတယ်ဆိုတာ သူမေ့မသွားအောင် ကိုယ်ကတော့ အမြဲသတိပေးနေရမှာပဲ"

"ရှင် သိပ်ကိုတရားလွန်တယ်"

"ကိုယ့်ချစ်သူကို ကိုယ်ပိုင်တယ်လို့ ကြေငြာလိုက်တာ ဘာကိစ္စတရားလွန်ရမှာလဲ၊ မင်းကို ကိုယ်ဦးထားပြီးပြီ၊ ဘယ်သူမှ လုယူလို့ မရတော့ဘူးဆိုတာ သူနားလည်အောင် ကြေငြာလိုက်တာ ဘာဖြစ်သလဲ"

"ဘာချစ်သူလဲ၊ ရှင့်ဘာသာ တစ်ဖက်သတ်ကြီး ဦးထား

တာ ဘာလုပ်ရမှာလဲ" ဟု သူမပြောလိုက်လျှင် သူ့မျက်ဝန်းများ စူးရှနီရဲသွားပြီး...

"ဘာ... ဘာပြောတယ်၊ တစ်ဖက်သတ်ကြီး ဟုတ်လား၊ တစ်ဖက်သက်မကလို့ ဘာကြီးဖြစ်နေဖြစ်နေ လူကြီးစုံရာရှေ့မှာ မင်းနဲ့ကိုယ်စေ့စပ်ထားပြီးပြီ၊ မင်းကို ဘယ်သူ့လက်ထဲမှ ကိုယ်မထည့်နိုင်တော့ဘူး၊ ဒီစီးရီး(စ်)တစ်ခွေ လုပ်ပြီးရှင် သူနဲ့မင်းဘယ်တော့မှ တွဲမလုပ်ရတော့ဘူး၊ ဒီအခွေတောင် တိုးလို့တန်းလန်းမို့ ကိုယ်သည်းခံလိုက်တာ"

"ဒါ ကျွန်မအလုပ်ကိစ္စ၊ ရှင်နဲ့ မဆိုင်ဘူး"

"ဘာလို့မဆိုင်ရမှာလဲ၊ မင်းအလုပ်က ကိုယ့်အလုပ်ပဲ၊ မင်းရဲ့ခင်ပွန်းဖြစ်လာမယ့် ကိုယ့်စကားကို ခုချိန်ကစပြီး မင်းနားထောင်ရလိမ့်မယ် ဒါပဲ"

ခံပြင်းဒေါသစိတ်များ တစ်ကိုယ်လုံး ပျံ့နှံ့ကာ သူ့ကို သတ်ပစ်ချင်လောက်အောင် သူမ မုန်းတီးနေမိသည်။ သူမက ပြန်ဖို့ ထွက်လာခဲ့တော့ သူက ငွေရှင်းပြီး နောက်မှ ကမန်းကတမ်းလိုက်လာကာ သူမလက်တစ်ဖက်ကို ခပ်ကြမ်း

ကြမ်း ဆုပ်ကိုင်လျက်...

"ယိမ်းနွဲ့တိမ်း... မင်းပြန်ချင်တိုင်း ထပြန်လို့မရဘူး၊ မင်းမှာ နေရဲနောင်ဆိုတဲ့ ခင်ပွန်းလောင်းတစ်ယောက် ရှိနေတယ်ဆိုတာ မမေ့ပါနဲ့.... လာခဲ့၊ ကိုယ်နဲ့ပဲ ပြန်ရမယ်"

"မလိုက်ဘူး" ဟု သူမ ရုန်းပေမယ့်မရ။

သူက သူမလက်ကို မညှာမတာ ဆောင့်ဆွဲလာခဲ့သည်မို့ အရုပ်တစ်ရုပ်လို သူ့နောက်မှ ဒယိမ်းဒယိုင် ပါလာခဲ့ရလေသည်။

ပြီးတော့ သူက ဆိုင်ကယ်ကို ဂူးခနဲမြည်အောင် ဒေါသတကြီးဖြင့် မောင်းထွက်လာခဲ့၏။

သူမ ရင်ထဲနာကျင်လွန်းသဖြင့် မျက်ရည်များ စီးကျလာခဲ့သည်။

♥♥♥♥♥

# အခန်း (၁၄)

ထိုနေ့မှစ၍ ဦးယံက သူမကို အကြောင်းအထွေအထူး မရှိလျှင် စကားမပြောဘဲ ခပ်ရှောင်ရှောင် လုပ်နေခဲ့သည်မို့ သူမရင် ထဲ ထိခိုက်နေမိတာ အမှန်ပင်။

စီးရီး(စ်)ဖြန့်သည့်နေ့တွင် သူ့စတူဒီယိုခွဲ့ သူမကိုယ်တိုင် လက်မှတ်ထိုးပြီး ဖြန့်ခဲ့သည်။ သူ့အစီအစဉ်အတိုင်း အားလုံး

လုပ်နေခဲ့သော်လည်း စီစဉ်သူ သူကတော့ ရောက်မလာခဲ့ပေ။

မနက်ပိုင်းကတည်းက သူ့ကို တမျှော်မျှော်ဖြင့် လာဝယ်သူတွေကို သူမ လက်မှတ်ထိုးပေးနေရသည်။ ဝယ်ယူသူတွေ တဖွဲဖွဲကျလာပြီး မထင်မှတ်လောက်အောင်ပင် သူမအခွေ ရောင်းကောင်းခဲ့၏။

သူမ လက်မှတ်ထိုးပေးနေစဉ် သုံးနာရီအတွင်း အခွေ အရေအတွက် ဒီလောက်များများ ရောင်းကုန်လိမ့်မည်ဟု မမျှော်လင့်ခဲ့မိ။ ညနေစောင်းသည်အထိ သူ့အရိပ်အယောင် ပင် မတွေ့ရတော့ သူမ ငိုချင်လာသည်။

ဘယ်များ ရောက်နေသလဲ… ဦးယံရယ်…

ဦးယံကို တမ်းတမျှော်လင့်နေမိသော သူမရင်ထဲတွင် နာကျင် ကြေကွဲလျက် ကွက်လပ်တစ်ခုဖြင့် ဟာနေခဲ့တာကို ဦးယံသိမှသိ ပါလေစ…

ဦးယံ… မြန်မြန်လာပါတော့ဟု အကြိမ်တစ်ရာမက ဆုတောင်း နေမိသော်လည်း ထိုနေ့က ဦးယံ တကယ်ပင် ရောက်မလာခဲ့ပါ။ သူမ ဝမ်းနည်းလွန်း၍ ကြိတ်ပြီး

မျက်ရည်ကျခဲ့မိပါသည်။

ရက်စက်တယ်… ဦးယံရယ်…

စတူဒီယိုထဲရှိ သူထိုင်နေကျ စားပွဲခုံလေးသည် အထီးကျန် လျက်ရှိနေပြီး စတူဒီယိုတစ်ခုလုံး သူ့အရိပ်တွေ ပြည့်နှက်နေကာ သူမ တစ်ယောက်တည်း ရူးချင်လာမိသည်။ နှလုံးသားတို့သည် ပြင်းပြသည်းထန်စွာ လှုပ်ခတ်လာပြီး စီးရီး(စ်)လာဝယ်သူတွေ ဘယ်လောက်များများ သူမ မပျော်ရွှင်နိုင်တော့ပေ။

သူ ရောက်မလာတော့တာ ထိုနေ့ တစ်နေ့တည်း မဟုတ်ပါ။ ထိုနေ့မှစ၍ သူမအနားမှ သူ တကယ်ပင် ပျောက်ကွယ်သွားခဲ့ပါ၏။ သူ့ကို ဘယ်လိုပဲ လိုက်ရှာ လိုက်ရှာ မတွေ့တော့ချေ။ သူ ခြေရာ ဖျောက်သွားခဲ့ပြီ။

♥♥♥

# အခန်း (၁၅)

သူ စိတ်ရောကိုယ်ပါ အပင်ပန်းခံပြီး ဖန်တီးပေးခဲ့သော သူမ၏စီးရီး(စ်)လေးသည် ထင်ထားသည်ထက် မယုံနိုင်လောက်အောင် ပေါက်သွားခဲ့လေသည်။

သူမ၏ သီချင်းသံမှာ စားသောက်ဆိုင်များ၊

လက်ဖက်ရည်ဆိုင်များ၊ Shopping Mall များတွင် နေရာယူလျက် ထွက်သမျှ ဂျာနယ်၊ မဂ္ဂဇင်း၏ မျက်နှာဖုံး တိုင်းလိုလို သူမပင် ဖြစ်လာခဲ့သည်။ ဂျာနယ်လစ်စ်များ အင်တာဗျူးလုပ်ချင်သူများ သူမအနီးမှာ ဝိုင်းဝိုင်းလည်နေခဲ့ သည်အထိ သူမ အောင်မြင်ကျော်ကြားခဲ့လေသည်။

"မင်း သိပ်ကိုအောင်မြင်လာပြီဆိုတော့ ကိုယ့်ကိုအချိန် မရွေး ထားရစ်ခဲ့ဖို့ရှိတယ် မဟုတ်လား၊ ဒီတော့ မင်းကိုယ့်ကို အမြန်ဆုံး လက်ထပ်မှ ဖြစ်မယ်"

နေရဲနောင်က သူ့တိုက်ကွက်မှာ ဦးယံကို တကယ်ပင် ထိရှစေခဲ့သည်မို့ ဝမ်းသာပျော်ရွှင်မဆုံးဖြစ်ကာ... သူမကို ပိုင်ဆိုင်ဖို့သာ အပြင်းအထန် နားပူနားဆာ လုပ်နေတော့၏။

"ကျွန်မ လက်မထပ်နိုင်သေးဘူး ရဲနောင်၊ ဒီလို အောင်မြင်မှုရ နေတဲ့အချိန်မှာ အောင်မြင်မှုတက်လမ်းကို ပိတ်မယ့်အလုပ်မျိုး ကျွန်မ လုံးဝ မလုပ်နိုင်ဘူး"

"ဟာ... မင်းလေသံက တော်တော် ရဲရင့်နေပါလား၊ တစ်ချိန်တုန်းက ကိုယ့်မေမေဆိုင်မှာ အလုပ်လာဝင်တာ

ဒီလိုမျက်နှာမျိုးနဲ့ မဟုတ်ပါဘူး” ဟု ပြောလိုက်လျှင် နာကျင်ခံပြင်းသွားမိလေသည်။

“ကျွန်မကို အမြဲတမ်း ချိုးနှိမ်ချင်နေတဲ့ ရှင့်လို လူမျိုး ကိုလဲ ဖြစ်နိုင်ရင် ဒီတစ်သက်မပြောနဲ့၊ နောက်ဆယ်သက် တောင် လက်မထပ်ချင်သေးဘူး”ဟု သူမက ပြန်ပြောတော့ သူက လှောင်ရယ်ရယ်လိုက်ကာ...

“အိပ်မက်မက်မနေနဲ့ ယိမ်းနွဲ့တိမ်း၊ မဖြစ်နိုင်ဘူး၊ တစ်နေ့ မင်းကို အတိအကျ ပိုင်ဆိုင်ရမယ့်သူဟာ ကိုယ်ပဲ ဆိုတာ အိပ်မက်ထဲမှာတောင် မမေ့စေနဲ့ နားလည်လား” ဟုပြောကာ ခြေသံပြင်း ပြင်းနင်းလျက် ထွက်သွားလေသည်။

သူ့ကို မုန်းတီးနာကြည်းမှုသည် တစ်နေ့တခြား ပိုမိုများ ပြားလာခဲ့ပြီး... ဦးယံကို သတိရ တမ်းတမှုမှာ တစ်ရက်ပြီး တစ်ရက် ထုထည်ကြီးမား ခိုင်ခံ့လာခဲ့သည်။

ဦးယံ ထိုင်နေကျစားပွဲ အံဆွဲထဲတွင် ဝါးခြင်းပြားပြား လေးနှင့်ထည့်ထားသော သစ်ခွပွင့်လှလှတွေကို မထင်မှတ် စွာ တွေ့ရလေသည်။

ဘယ်သူ့အတွက် ထားရစ်ခဲ့တာလဲ ဦးယံရယ်...

သူမ၏အိပ်မက်များ တကယ်ပင် မက်ခွင့်ရခဲ့သော်လည်း ထိုအိပ်မက်ကို ဖန်ဆင်းပေးခဲ့သည့် ဖန်ဆင်းရှင်မှာ သူမနားမှ ပျောက်ဆုံးသွားသောကြောင့် သူမအတွက် ဘာအဓိပ္ပါယ်မှ မရှိတော့ချေ။

အောင်မြင်မှု အရသာကို သူမ ခံစား၍မရ။ အသည်းကွဲတမ်းတခြင်းဆိုသော ဝေဒနာက သူမ ပျော်ရွှင်မှု အားလုံးကို ဝါးမျိုခဲ့လေပြီ။ အထီးကျန်မှုသည် တစ်နေ့တခြား သူမကို ဖုံးလွှမ်း လာကာ သူမရင်ထဲ ခြောက်သွေ့ဆွေးမြေ့နေ၏။

ဦးယံ.... ဦးယံပြုစု စိုက်ပျိုးပေးခဲ့တဲ့ ပန်းပင်လေး တစ်ပင် လှလှပပနဲ့ အောင်မြင်ရှင်သန်နေပြီ ဆိုတဲ့ အကြောင်း ဦးယံ မသိချင်တော့ဘူးလား ဟင်...


ဦးယံ ဖြစ်စေချင်ခဲ့တဲ့ နာမည်ကြီး အဆိုတော်တစ်ယောက် တိမ်းဖြစ်ခွင့်ရနေပြီလေ၊ဒါပေမယ့် အခုလိုအချိန်မျိုးမှာ ဦးယံက တိမ်းကို ရက်စက်ထားရစ်ခဲ့တယ်ဆိုတော့ တိမ်းအတွက် ဘာအဓိပ္ပါယ်ရှိတော့မှာလဲ...

**ဘရဏီစာပေ**

ဦးယံမရှိတော့မှ တိမ်းဘဝမှာ ဦးယံဘယ်လောက်ထိ အရေးပါ လိုအပ်သလဲဆိုတာ တိမ်းသိခဲ့ရပြီ။

ဦးယံ မရှိတဲ့ဘဝမှာ တိမ်းဘယ်လိုမှ နေမပျော်တော့ဘူး၊ ဦးယံကို တိမ်းတွေ့အောင်ရှာမယ်၊ ကမ္ဘာဆုံးသွားပါစေ… ဦးယံကို မတွေ့တွေ့အောင်ကိုရှာမယ်…

♥♥♥



# အခန်း (၁၆)

ဒုတိယအကြိမ်မြောက် အထီးကျန်ခြောက်သွေ့မှုကို သူ့ဘဝတွင် ကြုံတွေ့ရပြန်သည်။

သူ့နှလုံးသားထဲတွင် သူမကို သတိရတမ်းတခြင်းများ ပြည့်နှက်နေသော်လည်း အသိတရားတစ်ခုက တင်းကြပ်စွာ ချုပ်နှောင်တားဆီးထား၏။

သူမထံတွင် ချစ်ဦးသူရှိနေခဲ့ပြီ (သို့မဟုတ်) သူမသည် စရဲသတ်ပြီးသား အရုပ်လေးတစ်ရုပ်...

သေဆုံးခဲ့ဖူးသော နှလုံးသားတစ်ခုနှင့် သူမကိုအမှတ်

မထင် ပြင်းပြစွာ ချစ်မိခဲ့သော်လည်း သူမကို ပိုင်ဆိုင်ရန် သူမကြိုးစားချင်တော့...။ ထို့ကြောင့် အဝေးဆုံးတစ်နေရာသို့ သူထွက်လာခဲ့မိခြင်းပါ။

စက်စဲကမ်းခြေ တစ်လျှောက်ရှိ ကျောက်ဆောင်များထဲမှ ကျောက်ဆောင်တစ်ခုပေါ်တွင်ထိုင်လျက် ပင်လယ်ပြင်ဘက်သို့ သူငေးမောနေမိသည်။

အချိန်တွေကုန်လို့ကုန်ဆုံးသွားမှန်းမသိ။လှိုင်းလုံးများကြားတွင် မျောပါလာသော ဘောကွင်းအနီရဲရဲလေးကို တွေ့လိုက်မှပင် အံ့ဩသွားမိသည်။

ကျောက်ဆောင်ပေါ်မှ သူဆင်းလာခဲ့ပြီး လှိုင်းလုံးများကြားမှ ဘောကွင်းကို ကောက်ယူပြီးကြည့်လိုက်၏။

ဟင်...

ဘောကွင်းတွင် ကြွတ်ကြွတ်ကြိုးဖြင့် ချည်နှောင်ထားသော ပလတ်စတစ်အိတ်လေးတစ်လုံး၊ အိတ်လေးထဲ၌ စာရွက်ဖြူလေးတစ်ရွက်ကို တွေ့လိုက်ရ၏။ မီးဖြင့်ပိတ်ထားသော ထိုပလတ်စတစ်အိတ်လေးကို ဖောက်ပြီး စာရွက်

ခေါက်လေးကို ယူထုတ်ကာ ဖတ်ကြည့်လိုက်သည်။

**ပန်းပွင့်ငယ်လေးတစ်ပွင့်သည်...**

**ရေလောင်းပြုစုပေးခဲ့သော သူ၏သခင်အား**

**ရှာဖွေနေပါ၏၊**

စာဖတ်ကြည့်ပြီး သူမျက်ခုံးနှစ်ဖက် မြင့်တက်သွားလောက်အောင် အံ့ဩသွားမိသည်။ ဘယ်သူပါလိမ့်... သူ ရုတ်တရက် စဉ်းစားမရ ဖြစ်နေပြီးမှ... သူမကို ဖျတ်ခနဲ သတိရသွားကာ ကျောက်ဆောင်များတဝိုက် သူမကို တွေ့ရနိုးဖြင့် လိုက်ရှာနေမိ သည်။

ချာလပတ်လည်အောင် အတော်ကြာကြာ ရှာနေပေမယ့် သူမကို မတွေ့ရသောကြောင့် မောဟိုက်ပင်ပန်းလာပြီး သဲသောင်ပြင်ပေါ်တွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။

"ဦးယံ" ဆိုသော သူ့ကျောဘက်မှ ချိုလွင်လွင်အသံလေး ကြားလိုက်ရသည်မို့ သူဖျတ်ခနဲ ဝမ်းသာအားရလှည့် ကြည့်လိုက်မိ၏။

"တိမ်း"

နှစ်ယောက်လုံး မျက်ဝန်းချင်း ရုတ်တရက်မခွာနိုင်လောက်အောင် တိမ်းညွတ်ယစ်မူးနေမိပြီးမှ သူက...

"ရှာလိုက်ရတာ တိမ်းရယ်" ဟုပြောပြီး သူမလက်ကလေးတစ်ဖက်ကို ဆုပ်ကိုင်လိုက်မိသည်။

"အဲဒီစကားကို တိမ်းကပြောရမှာပါ ဦးယံရယ်"

သူမ မျက်ဝန်းထဲ မျက်ရည်တွေ ပြည့်အိုင်လာသည်။

"တိမ်းရယ်..."

"ဦးယံ စိုက်ပျိုးခဲ့တဲ့ အပင်လေးရဲ့ ရှင်သန်အောင်မြင်မှုကို လှည့်မကြည့်ချင်တော့လို့လားဟင်"

"မဟုတ်ပါဘူးကွာ... ကိုယ်..."

သူဘာဆက်ပြောရမှန်း မသိသလို ဆို့နစ်နေ၏။ သူ့ရင်ထဲမှအချစ်များကို အတင်းအကြပ် အောင့်အီးမျိုသိပ်နေရခြင်းပါ။

"စီးရီး(စ်) ဖြန့်တဲ့နေ့ကစပြီး ခြေရာဖျောက်သွားခဲ့တယ်နော်၊ အဲဒီနေ့က ဦးယံကို တိမ်း ဘယ်လောက်မျှော်လင့်ခဲ့ရသလဲ သိရဲ့လား" ပြောရင်း သူမပါးပြင်ပေါ် မျက်ရည်တွေ

စီးကျလာသည်။

"ကိုယ်နားလည်ပါတယ် တိမ်းရယ်၊ ဒါပေမယ့်... "

"ဒါပေမယ့်... ဘာဖြစ်သလဲ ဦးယံ၊ ရှင်ကတော့ ထွက်သွားပြီး ကျန်ရစ်ခဲ့သူက နာကျင်ကြေကွဲ စေဆိုတဲ့ သဘောမျိုးလား"

"မဟုတ်ပါဘူး တိမ်းရယ်၊ ဒီလိုအခြေအနေမျိုးမှာ ကိုယ်ရှိမနေသင့်ဘူး ထင်လို့ပါ၊ ကိုယ့်ကြောင့် တိမ်းတို့..."

"အို... အဲဒါတွေ တိမ်းမကြားချင်ဘူး၊ တိမ်းအောင်မြင်မှု ရတဲ့အချိန်မှာ တိမ်းကို အောင်မြင်မှု လမ်းကြောင်းပေါ် တင်ပေးခဲ့တဲ့ ဦးယံကို တိမ်းအနားမှာပဲ ရှိစေချင်တယ်၊ တခြား ဘယ်သူ့ကိုမှ မလိုအပ်ဘူး" ဟု ကလေးဆန်ဆန် သူမက ပြောနေသည်။

"ဒီကိုတစ်ယောက်တည်း လိုက်လာခဲ့တာလား တိမ်း" ဟု တိမ်းမျက်နှာလေးကို မြတ်မြတ်နိုးနိုး စိုက်ကြည့်ရင်း သူမေးလိုက်သည်။

"ဟုတ်တယ်၊ ဦးယံကို ဘယ်နေရာမှာမှ ရှာမတွေ့တာနဲ့

ဒီကို စိတ်ညစ်ညစ်နဲ့ ထွက်လာခဲ့တာ"

သူ ပြုံးလိုက်မိသည်။ သူမက သူ့လက်မောင်းတစ်ဘက်ကို ဆုပ်ကိုင်လိုက်ပြီး...

"ထွက်ပြေးတဲ့ လူကိုမိပြီ၊ တိမ်းနဲ့ ရန်ကုန်ကို ပြန်လိုက်ခဲ့ရ မယ်"

"တိမ်းကို ကိုယ်ပြန်ပို့ပေးမှာပေါ့"

"ဟင် ပြန်ပို့ပေးမယ် ဟုတ်လား၊ ဟင့်အင်း... မလိုချင်ဘူး၊ ရန်ကုန်ကို အပြီးပြန်လိုက်ခဲ့ရမယ်၊ ဘာလဲ... ဟိုနေရဲနောင်ဆိုတဲ့ လူကြောင့် တိမ်းကို ရှောင်နေတာလား ဦးယံ၊ တိမ်းသူ့ကို လုံးဝ မချစ်ဘူး၊ တိမ်းသဘောမပါဘဲ သူနဲ့စေ့စပ်ခဲ့ရတာ၊ တိမ်း သူ့ကို သိပ်မုန်းတာပဲ"

"ဒီလို ကလေးမဆန်ရဘူးလေကွာ"

ရင်နှင့်မဆန့်အောင် မျိုသိပ်ထားရသော သူ့နှလုံးသားတွေ အရည်ပျော်ချင်သွားတော့၏။ သို့သော် ဘဝတွင် နှလုံးသားဆန္ဒ တစ်ခုတည်းကို လိုက်ရော၍ မဖြစ်နိုင်မှန်း သူနားလည်နေမိသည်။

**ဘရဏီစာပေ**

"ပြန်ကြရအောင် တိမ်း၊ မင်းကို ကိုယ်လိုက်ပို့ပေးမယ်"

သူမလက်ကို သူ အတင်းဆွဲခေါ်လာခဲ့သည်။ထိုနေ့က သူနှင့်သူမ ညနေစာ အတူစားဖြစ်ကြသည်။ ထိုနေ့ ညနေခင်းလေးကို သူ့နှလုံးသားထဲ အလွတ်ရအောင် တစ်သက်စာ အမှတ်တရ အဖြစ် သူကျက်မှတ်နေမိလေသည်။

ညစာစားအပြီး ကိုယ့်ဘန်ဂလိုရှိရာကိုယ်အသီးသီးပြန်လာခဲ့ကြပြီး နောက်တစ်နေ့ မနက်တွင် သူ့ကားဖြင့် ရန်ကုန်သို့ပြန်လာခဲ့ကြသည်။

♥♥♥

# အခန်း (၁၇)

သူ့ စတူဒီယိုရှိရာ ခြံဝင်းလေးထဲသို့ ကားကို ကွေ့ဝင်လိုက်သည်နှင့် စတူဒီယိုရှေ့တွင်ရပ်ထားသော နေရဲနောင်၏ဆိုင်ကယ်ကို တွေ့လိုက်ကြရ၏။

စတူဒီယိုရှေ့တွင် ကားကိုထိုးရပ်လိုက်စဉ်... စတူဒီယိုထဲမှ နေရဲနောင်ထွက်လာတာကို တွေ့လိုက်ရသည်။

"ဘယ်ကနေ ပြန်လာကြတာလဲ... တိမ်း"

မီးတောက်တွေလို တဝုန်းဝုန်း တောက်လောင်နေသော

မျက်ဝန်းများဖြင့် နေရဲနောင် မေးလိုက်သည်။

သူမက ဘာပြန်ဖြေရမှန်းမသိဖြစ်နေသည်မို့ နေရဲနောင် ပို၍ ဒေါသထွက်သွားပြီး...

"မနေ့ကတည်းက မင်းကို ဘယ်လိုမှ ရှာလို့မတွေ့ကြ တော့လို့ အကုန်လုံး စိတ်ပူနေကြတာ၊ အန်တီနဲ့အန်ကယ်လ် လဲ မင်းကြောင့် ခေါင်းခဲနေကြပြီ တိမ်း၊ မင်း ဘယ်လိုလုပ် လိုက်တာလဲ"

"ကျွန်မ ..."

သူမ ဘာပြောရမှန်းမသိဘဲ ငြိမ်သက်တွေဝေနေမိသည်။

"ကဲ... ပြောစမ်း၊မင်းတို့ ဘယ်မှာတွေ့ခဲ့ကြသလဲ"ဟု သူမ ပခုံးနှစ်ဖက်ကို ခပ်ကြမ်းကြမ်း ဆုပ်ကိုင်ပြီး မေးသည်။

"စက်စဲမှာ..."

"ဘယ်လို... စက်စဲမှာ... ဟုတ်လား၊ ဒါဆို စက်စဲကမ်း ခြေမှာ အပန်းဖြေခဲ့ကြတယ် ဆိုပါတော့ ဟုတ်လား... ယိမ်းနဲ့တိမ်း"

"ရှင်ဘယ်လို ပြောလိုက်တာလဲ"

"မင်းကြားတဲ့ အတိုင်းပဲ၊ မင်းတော်တော် သစ္စာမဲ့တဲ့ မိန်းမပဲ၊ မင်းမှာစေ့စပ်ထားတဲ့ လူတစ်ယောက်ရှိတယ်ဆိုတာ မင်းမေ့ပစ်လိုက်ပြီပေါ့ ဟုတ်လား"

သူမ ပခုံးနှစ်ဖက်ကို ခပ်ကြမ်းကြမ်းဆွဲခါရင်း သူပြော နေသည်မို့ ဦးမိုးယံထက်က...

"စကားကို ကောင်းကောင်းပြောပါ မောင်ရဲနောင်၊ တိမ်းကို ဒီလောက်ထိ နာကျင်အောင်မလုပ်ပါနဲ့"

ဦးမိုးယံထက် စကားကြောင့် နေရဲနောင် အမိပွါယ်ပါပါ ပြုံး လိုက်ရာမှ...

"တိမ်း အသားနာမှာ စိုးရိမ်နေသလား ဦးမိုးယံထက်၊ ခင်ဗျားတို့နှစ်ယောက်ကြောင့် ကျုပ်အသည်းက ပိုနာရတယ် ဗျ၊ နားလည်လား"

"ကျွန်မနဲ့ ဦးယံ စက်စဲမှာ မမျှော်လင့်ဘဲ ဆုံခဲ့ကြတာ ပါ၊ ဒါပေမယ့် ဘာမှမဖြစ်ခဲ့ကြပါဘူး ရဲနောင်၊ ရှင်စိတ် ထင်ရာတွေ လျှောက်ပြောမနေပါနဲ့"

"စိတ်ထင်ရာ ဟုတ်လား၊ မင်းတို့နှစ်ယောက်ကို ငါက

ဘယ်လိုယုံကြည်မှုမျိုးနဲ့ လက်ခံပေးရမှာလဲ"

"ကိုယ်တို့ရဲ့ ရိုးသားမှုကို မင်း မစော်ကားပါနဲ့"

ဦးယံစကားကို သူက လှောင်ပြောင်လိုသည့် မျက်နှာမျိုးဖြင့် အော်ရယ်လိုက်ပြီး ...

"ရိုးသားမှု... ဟုတ်လား... ဟား... ဟား... တကယ်ရယ်ရတယ်၊ ခင်ဗျားတို့နှစ်ယောက်ရဲ့ မျက်ဝန်းတွေထဲမှာ ဆူပွက်နေတဲ့ အချစ်ငရဲမီးတွေကို ကျုပ်အတိုင်းသား မြင်နေရတယ်ဗျ၊ ကျုပ်ကို ပြောတိုင်းယုံတတ်တဲ့ သူငယ်နှပ်စားလေးလို့ ထင်မနေကြပါနဲ့"

နေရဲနောင်စကားကြောင့် သူမ ဒေါသထောင်းခနဲ ထွက်သွားပြီး... သူ့ပါးပြင်ကို လွှဲရိုက်ပစ်လိုက်၏။ သို့သော် သူက သူမလက်ကိုဖမ်းဆုပ်ပြီး သူမကိုယ်လေးကို ဆောင့်တွန်းပစ်လိုက်သောကြောင့် သူမကိုယ်လေး ယိမ်းယိုင်သွားလေသည်။

"ဟင်း... တိမ်း" ဦးယံက သူမနားရောက်လာသည်။ ပြီးမှ...

"ဟော့ကောင်... မင်း မိုက်ရိုင်းလှချည်လားကွ" ဟုဆို ကာ နေရဲနောင် ရင်ဘတ်မှအင်္ကျီစကိုဆွဲကာ မျက်နှာကို ဆွဲထိုးပစ်လိုက်သည်။

နေရဲနောင် နောက်သို့ လန်သွားပြီးမှ ဦးယံကို ပြန်ထိုး လိုက်၏။ ပြီးတော့ တိမ်းကို နာနာကြည်းကြည်း တစ်ချက် စိုက်ကြည့်လိုက်ပြီး...

"ဒီမှာ ယိမ်းနဲ့တိမ်း၊ မင်းလို မျက်နှာများတဲ့မိန်းမမျိုးကို ငါ လုံးဝ လက်မထပ်နိုင်တော့ဘူး"

"ရှင့်လို သဘောထားသေးသိမ်တဲ့ လူရမ်းကားမျိုးကိုလဲ ကျွန်မက လုံးဝလက်မထပ်နိုင်ဘူး"

"အိုကေ၊ မင်းတို့ရဲ့ မရိုးသားမှုတွေကို ဂီတလောက ထဲမှာ ဟိုးဟိုးကျော်သွားအောင် ကိုယ် မောင်းတီးပေးလိုက် မယ်"

ပြောပြီးတာနှင့် ဆိုင်ကယ်လ်ကို အကြမ်းရမ်းဆုံးပုံစံဖြင့် မောင်းထွက်သွားလေသည်။

သူမရင်ထဲ နာကျင်ခံပြင်းစိတ်တွေ ဖုံးလွှမ်းသွားပြီး

သည်းသည်းထန်ထန် ရှိုက်ငိုလိုက်မိ၏။

"တိမ်းရယ်... ကိုယ့်ကြောင့်... မင်းတို့..."

"မင်းတို့လို့မပြောပါနဲ့ ဦးယံ၊ အဲဒီလူကို ကျွန်မသိပ်မုန်းတယ်၊ ဒီလူနဲ့ စေ့စပ်ကြောင်းလမ်း ဖျက်သိမ်းခြင်းကို သတင်းစာထဲ ကျွန်မအရင် ဦးအောင်ထည့်ရမယ်"

ထိုစဉ်... "ဟင်... သမီး၊ သိပ်မိုက်ပါလားကွယ်" ဟူသော အသံနှင့်အတူ ဖေဖေနှင့်မေမေ့ကို တွေ့လိုက်ရလေသည်။

"ဟင်... ဖေဖေ၊ မေမေ"

"မောင်ရဲနောင်ပြောပြလို့ အဖြစ်အပျက်တွေ အားလုံးကို သိပြီးပြီ သမီး၊ လုပ်ရက်လိုက်တာကွယ်" ဟု မေမေက ပြောသည်။

သူမက မေမေ့နားပြေးလာခဲ့ပြီး...

"သမီး ရှင်းပြပါရစေ မေမေ၊ သမီးနဲ့သူ..."

"မကြားချင်တော့ဘူး သမီး၊ ဖေဖေတို့ မျက်နှာကို ဒီလောက်ထိ အိုးမည်းသုတ်ရရင် တော်လောက်ပြီ၊ မောင်ရဲ

နှောင်တို့ဘက်က စေ့စပ်ပွဲကို ဖျက်ကြတော့မယ်၊ သမီး သူ့ကို ကျေလည်အောင် သွားတောင်းပန်လိုက်ပါ”

ဖေဖေ့ စကားကြောင့် သူမ ရင်ထဲနာကျင်သွားပြီး...

“သမီး သူ့ကို လုံးဝမတောင်းပန်နိုင်ဘူး ဖေဖေ၊ သမီး သူ့ကို ရှင်းပြနေပါလျက်နဲ့ ထင်ရာမြင်ရာ စွပ်စွဲသွားခဲ့တာ၊ ဒီလိုလူမျိုးကို သမီး လုံးဝလက်မထပ်နိုင်ဘူး”

“ဘာ...”

ဖေဖေက သူမ ပါးပြင်တစ်ဖက်ကို ရိုက်လိုက်သည်မို့ ဦးယံ အနားရောက်လာပြီး...

“တိမ်းကို မရိုက်ပါနဲ့ အန်ကယ်လ်၊ တိမ်း အပြစ်မဟုတ်ပါဘူး”

“ဒါဖြင့် ငါ့သမီးလေးကို သွေးဆောင်ဖျားယောင်ခဲ့တာ မင်းပေါ့ ဟုတ်လား” ဟုဆိုကာ ဖေဖေက သူ့ကို ဆွဲထိုး လိုက်၏။

“ဟင်... ဦးယံ”

သူမရင်ထဲ နာကျင်စူးရှလာ၏။ ပြီးတော့ အံကို

တင်းတင်း ကြိတ်ပြီး ပြောလိုက်သည်။

"ဒီလောက်တောင်မှ သမီးတို့ကို မယုံကြည်နိုင်ကြတော့ဘူးဆိုရင် သမီး ဦးယံနဲ့ပဲ လက်ထပ်လိုက်ပါတော့မယ်"

သူမစကားကြောင့် အားလုံးအံ့ဩမှင်သက်သွားကြပြီး... ဖေဖေက သူမကို မကျေလည်နိုင်သလို 'တောက်' တစ်ချက် ပြင်းပြင်းခေါက်ကာ လှည့်ထွက်သွားလေသည်။

"သူက သမီး ချစ်သူမို့လို့လား" ဟု မေမေက တိုးတိုးလေး မေးလိုက်သည်။

"ချစ်သူတော့ မဟုတ်ပါဘူး မေမေ၊ ဒါပေမယ့်..."

သူမ စကားကို မဆက်ဘဲ ရပ်ထားလိုက်၏။

"ကဲ... ကဲ ပြန်ကြစို့ကွယ်"

မေမေက သူမ ပခုံးကိုဖက်ပြီး ချော့မော့၍ အိမ်ပြန်ရန် ခေါ်လာခဲ့သည်။

♥♥♥

# အခန်း (၁၈)

နောက်သုံးရက်ခန့်အကြာ။

သတင်းစာများတွင် သူမနှင့်နေရဲနောင် တို့နှစ်ဦး၏ စေ့စပ်ကြောင်းလမ်း ဖျက်သိမ်းခြင်းသတင်း ပါလာခဲ့သည်။ သူမကိုယ်တိုင် ထိုသတင်းကို ထည့်ခဲ့ခြင်းဖြစ်သည်။

သူမလိုပင် နေရဲနောင်ဘက်မှလည်း စေ့စပ်ကြောင်းလမ်း ဖျက်သိမ်းခြင်းသတင်းကို ထည့်ခဲ့၏။

ထိုသတင်း ပါလာခဲ့ပြီးနောက် သူမသည် ဘယ်သူနှင့်မှ မတွေ့ဖြစ်ဘဲ တစ်ယောက်တည်း ရှောင်နေမိသည်။ ဒီလိုနှင့် ရက်တွေ အတော်ကြာလာခဲ့သည်။

နှစ်လခန့်ကြာတော့ သူမထံ ဦးမိုးယံထက် ရောက်လာသည်။ သူမ အိမ်သို့ လိုက်လာခဲ့ခြင်းပါ။

"အံ့ဩနေသလား တိမ်း"

"မအံ့ဩပါဘူး၊ အလုပ်ကိစ္စအတွက် တစ်ချိန်ချိန်မှာ ဦးယံ ရောက်လာမယ်ဆိုတာ သိနေပြီးသားပဲ"

"အလုပ်ကိစ္စအတွက် သက်သက် မဟုတ်ပါဘူး တိမ်းရယ်၊ တခြားပြောစရာကိစ္စလေးတွေလဲ ရှိနေတယ်၊ ကိုယ်တို့နှစ်ယောက် ကော်ဖီဆိုင်လေးတစ်ဆိုင်ကို သွားကြရအောင်"

"အေးအေးဆေးဆေးနေချင်တယ် ဦးယံ၊ လောလောဆယ် တိမ်း နားမထောင်ချင်သေးဘူး"

"နားမထောင်ချင်လို့ မဖြစ်ဘူးတိမ်း၊ ကိုယ်က တိမ်းကို တွေ့ချင်လွန်းလို့ ရောက်လာတဲ့ သူပဲလေ၊ ခဏဖြစ်ဖြစ် လိုက်ခဲ့ရမယ် တိမ်း"

"ဒါဖြင့် ဦးယံ ကားပေါ်မှာ ခဏစောင့်နေပါ၊ တိမ်း အဝတ်စားသွားလဲလိုက်ဦးမယ်"

သူမ အိမ်ထဲဝင်လာခဲ့ပြီး အဝတ်စားလဲလိုက်၏။ ခရမ်းရင့်ရောင် ထက်အောက်ဝတ်စုံကို ဝတ်ဆင်လိုက်ပြီး အနက်ရောင်နေကာမျက်မှန်ကို တပ်လိုက်သည်။

ပြီးတော့ သူ့ကားအနီးသို့ လာခဲ့သည်။

"ကဲ... ကားပေါ်တက်ပါ တိမ်း"

သူမ ကားပေါ်တက်လိုက်သည်။ သူမ ကားပေါ်ရောက်သည်နှင့် သူက ကားကိုမောင်းထွက်လာခဲ့၏။

ကော်ဖီဆိုင်ရောက်တော့ တိမ်းနှင့် သူ့အတွက် Cappucino ကော်ဖီနှစ်ခွက် မှာလိုက်၏။

"ကဲ... ကော်ဖီပူပူလေး သောက်လိုက်ပါဦး"

"ဦးယံ ပြောစရာတွေရှိတယ်ဆို"

"တိမ်း သိပ်ကြားချင်နေပြီလား"

"ဟုတ်ကဲ့ ကြားချင်တယ်"

"ကိုယ် ပြောမယ့်စကားက ရိုးရိုးလေးပါ၊ မင်းကို ကိုယ်ချစ်တယ်၊ ပြီးတော့ လက်ထပ်ခွင့်ပေးပါ"

သူ့ စကားကြောင့် သူမ အံ့ဩလှုပ်ရှားသွားမိပြီး

အနိုင်းအဆမဲ့ ရင်ခုန်သွားမိသည်။

"ကိုယ်ပြောတာ ကြားတယ်မဟုတ်လား တိမ်း"

"ကြားပါတယ်"

"ဘာဖြစ်လို့ ဒီလောက်တောင် ငြိမ်သက်တွေဝေနေရတာလဲ"

"တိမ်း ရင်ထဲမှာ မယုံကြည်နိုင်လောက်အောင် အံ့ဩလှုပ်ရှားနေမိလို့ပါ ဦးယံ"

"ဟန်မဆောင်ချင်ပါနဲ့တော့ တိမ်းရယ်၊ ဟန်ဆောင်မျိုသိပ်ရတယ်ဆိုတာ ပင်ပန်းလှပါတယ်၊ ဟန်ဆောင်ရလွန်းလို့ ကိုယ်လဲသိပ်ကိုမောနေပြီ၊ တကယ်တော့ တိမ်းနဲ့ ဟိုကောင်လေး လက်ထပ်သွားမှာကို ကိုယ် အရမ်းတုန်လှုပ်ဝမ်းနည်းနေမိတာပါ၊ တိမ်းကို တခြားသူလက်ထဲ ထည့်ပေးလိုက်ရမှာ ကိုယ်သိပ်နှမြောမိတယ်၊ ဖြစ်နိုင်ရင် ကိုယ်တစ်ယောက်တည်းပဲ ပိုင်ဆိုင်ချင်တယ်"

သူက သူမ လက်ကလေးတစ်ဖက်ကို သူ့ပါးပြင်မှာ အပ်ထားရင်း လေးလေးနက်နက် ပြောနေခြင်းပင်။

"ကိုယ့်ကို လက်ထပ်မယ်မဟုတ်လား"

သူမ တွေဝေနေသောကြောင့် သူပြုံးလိုက်ပြီး...

"တိမ်းကို ကိုယ်လက်ဆောင် ပေးစရာရှိတယ်၊ ဒါပေမယ့် ဒီဆိုင်ထဲမှာပေးလို့ မကောင်းဘူး၊ ကားထဲရောက်ရင် ပေးရမယ်"

"ဘာများလဲ ဦးယံ"

"သိချင်ရင် ကော်ဖီမြန်မြန်သောက်လေ"

ကော်ဖီသောက်အပြီး... ကားရှိရာသို့ ပြန်လာခဲ့ကြသည်။ ကားထဲရောက်တော့ သူက စက္ကူဘူးကြီးတစ်ဘူးကို သူမအားပေးသည်။ စက္ကူဘူးကြီးမှာ အလွန်လှပပြီး ဖဲကြိုးအဝါနုရောင်များဖြင့် ပန်းပွင့်ဖော် စည်းနှောင်ထားလေသည်။

"လှလိုက်တာ" ဟု သူမပြောလိုက်မိ၏။

သူမက ဖဲကြိုးတွေကိုဖြေပြီး စက္ကူဘူးကို ဖွင့်လိုက်လျှင်... အထဲတွင် ရွှေရောင်ဒေါက်မြင့်ဖိနပ်လေး တစ်ဖက်ကို မထင်မှတ်စွာ တွေ့ရလေသည်။

"ဟင်... ဒါ ဟိုတစ်ခါတုန်းက ဖိနပ်လေးပဲမဟုတ်လား"

"ဟုတ်တယ်၊ ဒီဖိနပ်လေးကို တိမ်းအတွက် ကိုယ်က လက်ဆောင်ပေးတာ၊ ဒီဖိနပ်လေးကို တိမ်း ထာဝရ ပိုင်ဆိုင်ခွင့်ရပြီ"

"တကယ်လား ဦးယံ"

"တကယ်ပေါ့"

"တိမ်း ဖိနပ်လေးတစ်ဖက်နဲ့ တွဲပြီး စီးကြည့်ချင်လိုက်တာ၊ သိပ်လှမှာပဲနော် ဦးယံ"

"လှမှာပေါ့၊ ကိုယ် အိမ်လိုက်ပို့ပေးမယ်လေ၊ တိမ်းဖိနပ်လေးတစ်ဖက်သွားယူပြီး စီးကြည့်ပေါ့"

သူမ ဝမ်းသာပျော်ရွှင်သွားမိ၏။ သူက ဖိနပ်လေးတစ်ဖက်ယူရန် သူမအိမ်သို့ လိုက်ပို့ပေးသည်။ အိမ်သို့ရောက်လျှင် အိပ်ခန်းထဲ လှစ်ခနဲ ပြေးဝင်သွားသော သူမကို ဖေဖေနှင့်မေမေက အံ့သြနေကြ၏။

ခုတင်အောက်တွင် သေချာထုပ်ပိုး သိမ်းဆည်းထားသော ဖိနပ်လေးတစ်ဖက်ကို ယူပြီး သူမ ပြန်ထွက်လာတော့ မေမေက...

"ဘာလာယူတာလဲ သမီး" ဟုမေးသည်။

"ဟို... ဖိနပ်လေးတစ်ဖက်ပါမေမေ၊ သမီးခဏပြန်သွားဦးမယ်နော်၊ ပြီးတော့မှပြောပြမယ်" ဟုပြောပြီး ဦးယံကားရှိရာသို့ ပြန်ပြေးဆင်းလာခဲ့သည်။

ဖေဖေနှင့်မေမေကတော့ နားမလည်နိုင်ဘဲ ကျန်ရစ်ခဲ့ကြ၏။

ကားထဲသို့ရောက်လျှင် သူမက သူမ ဖိနပ်လေးတစ်ဖက်နှင့် ဦးယံလက်ဆောင်ပေးသော ဖိနပ်လေးတစ်ဖက်ကို တွဲပြီးစီးကြည့်လိုက်သည်။

"လှရဲ့လား ဦးယံ"

"သိပ်လှတာပေါ့၊ ဒီရွှေရောင်ဒေါက်မြင့် ဖိနပ်လေးကို ကိုယ်နဲ့တိမ်း လက်ထပ်တဲ့နေ့မှာ စီးရမယ်နော် တိမ်း"

သူမ ပြုံးလိုက်ပြီး ခေါင်းညိတ်ပြလိုက်သည်။ သူက သူမ ကိုယ်လေးကို သိုင်းဖက်လိုက်တော့ သူ့ကျောပြင်ကို သူမ ပြန်ဖက်ထားလိုက်သည်။

ပတ်ဝန်းကျင်တွင် အသံများ ဆူညံနေသော်လည်း



F-B11

သူမနှင့်သူတို့ နှစ်ဦးကြားတွင် ရင်ခုန်သံတစ်ခုတည်းသာ စိုးမိုးနေလေသည်။

တကယ်တော့ သူမသည် မိုးသောက်ဦး၏ အရိပ်တစ်ခု ပမာ ဖြစ်ခဲ့၏။

သူပိုင်ဆိုင်သော ဥယျာဉ်ကြီးထဲတွင် ထိုအရိပ်ကလေး များ ထာဝရရှင်သန်နေလိမ့်မည်ဆိုတာ အသေအချာပင် ဖြစ်လေသည်။

**နှလုံးသားရှိသူတိုင်း ခံစားနိုင်ကြပါစေ...**
**အားပေးကြတဲ့ ပရိသတ်များကို ကျေးဇူးအထူးတင်လျက်...**

ပန်းလှဖြူ

PM: 9:35

4th March, 2004